www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မင်းမြတ်သူရ

၏

ကလောင်ခွဲ

# ရွှေချမ်းသာ

# ရွှေမုဆိုး

ဖြန့်ချိရေး

ရန်မျိုးအောင်စာပေ
အမှတ် ၂၂၊ ဓမ္မစိန္တာလမ်း
ကျောက်မြောင်း၊ တာမွေ။
ဖုန်း - ၀၉ - ၇၃၀၈၂၃၁၂

www.burmeseclassic.com

www.burmeseclassic.com

# ရွှေချမ်းသာ

ရွှေမှုဆိုး
၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်
တန်ဖိုး
၁၂၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊ကျောက်မြောင်း၊ တာမွေ၊
ပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (မြ-၀၀၀၄၂)
သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊တာမွေလမ်း၊
တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊

ရ၉၅.ရ၃
ရွှေချမ်းသာ
ရွှေမှုဆိုး၊ ရွှေချမ်းသာ (ရန်ကုန်)
သိန်းမင်းစာပေ၊ ၂၀၁၃
၁၉၂-စာ၊ ၅×၇
(၁) ရွှေမှုဆိုး

မြန်မာပြည် အထက်ပိုင်းက ရွှေတွင်းတစ်ခုမှာ ရွှေတွေ များ ကြီး ထွက်တယ်ဆိုတဲ့ သတင်းဟာ တစ်တိုင်းပြည်လုံးအနှံ့ နှံ့သွားတယ်။

ဒါကြောင့်တစ်ပြည်လုံးက ကြီးပွားချမ်းသာချင်သူတွေဟာ မာပြည်အထက်ပိုင်းဒေသကို အလောတကြီး ချီတက်သွားကြ ယ်၊ ဒီသတင်းကို ကြီးပွားချမ်းသာချင်တဲ့ စိုးအောင်လဲ ကြား

www.burmeseclassic.com

တယ်။ စိုးအောင်တို့နေတဲ့ရွာက မထင်မရှားရွာလေးတစ်ရွာပါ။

တစ်နေ့ ရွာက အလှူ အတွက် ပစ္စည်းဝယ်ရင်း စိုးအောင် မြို့ပေါ်ကိုရောက်သွားတယ်။ မြို့ပေါ်မှာ ကား၊ ရထားတွေ တစ် သွားလာနေတယ်။ မိန်းမချောမိန်းမလှလေးတွေကိုလဲမြင်ရတယ်

စိုးအောင်ဟာ မိန်းကလေးတွေကို ခိုးကြည့်ပြီး မြို့သူ ချောလိုက်လှလိုက်တာလို့ တွေးမိတယ်။ ရွာမှာနေတုန်းက ကျွ တောင်ကိုင် အစ်မနစ်ယောက်ကိုသာ အလှဆုံးလို့ထင်ခဲ့ တယ်။

မြို့ပေါ်က ဆိုင်ကြီးတွေမှာ သူတစ်ခါမှ မမြင်ဘူးတဲ့ ပစ္စည်း တွေကို တင်ထားတယ်။ စိုးအောင်ဟာ ပစ္စည်းတွေကို ကြည့်ပြီ ပိုက်ဆံရှိရင်ဒီပစ္စည်းတွေအားလုံးကိုဝယ်နိုင်မယ်လို့တွေးမိ တယ်။

ဆင်းရဲတဲ့ ဘဝကိုလဲ မနှစ်မြို့သလို ခံစားလိုက်ရတယ်။ ဒီအချိန်ကစပြီးစိုးအောင်ဟာကြီးပွားချမ်းသာချင်စိတ်တွေဖြစ်ပေါ် လာတယ်။





တစ်နေ့အခွင့်အရေးရရင် ချမ်းသာအောင်ကြိုးစားမယ်လို့ းဖြတ် လိုက်တယ်။

မြန်မာပြည်အထက်ပိုင်းက ရွှေတွင်းမှာ ရွှေတွေအများကြီး က်တယ်ဆိုတဲ့ သတင်းကို စိုးအောင်ကြားတဲ့ အချိန်ကစပြီး မ်းသာချင်တဲ့ စိုးအောင်ဟာ စွန့်စားပြီး ရွှေရှာထွက်ဖို့ ဆုံးဖြတ် ုက်တယ်။

တစ်ညနေ မိသားစုညစာစားပြီးတဲ့အချိန်မှာစိုးအောင်က

“မြန်မာပြည် အထက်ပိုင်းမှာ ရွှေ တွေ အများကြီးထွက်တယ်တဲ့အမေ၊ ရွှေတွေပေါ်တာ မှ မြစ်ချောင်း၊ အင်းအိုင်ထဲက တောင် ကျင်ယူ စရာ မလိုဘူးတဲ့၊ မြေကြီးကို တူရွင်းနဲ့ ထိုးကော် လိုက်ရင် ရွှေတွေ အတုံးလိုက် အခဲ လိုက်တွေ့ တယ် ဆိုပဲ”



www.burmeseclassic.com

www.burmeseclassic.com

လို့ပြောပြီး စိုးအောင်က စားပွဲစုတ်ကလေးမှာ ထိုင်…

နေတဲ့ အမေနဲ့ အစ်မတွေကို အကဲခတ်သလို ကြည့်လိုက်တယ်

ဒါပေမဲ့ သူတို့ အားလုံး စိတ်ဝင်စားဟန်မပြဘူး။ စိုးအော…

က ဆက်ပြီး

"ကျုပ်သူဌေး ဖြစ်ချင်တယ် အမေ..

ဒါကြောင့် မြန်မာပြည်အထက်ပိုင်းဒေသကို သွား

ပြီး ရွှေရှာထွက်တော့မယ်"

လို့ဆိုလိုက်တော့ မိခင်နဲ့အစ်မနှစ်ယောက်က မျက်…

ပြူးမျက်ဆန်ပြူးနဲ့ စိုးအောင်ကို ကြည့်လိုက်မိတယ်။ အစ်မ …

ယောက်က စိုးအောင်ကို နင်ရူးနေသလားဆိုတဲ့အကြည့်နဲ့ ကြ…

ကြတယ်။ မိခင်ဖြစ်သူက မျက်မှောင်ကြုတ်ပြီး

"ငါ့သားက ရွှေတွင်းကို သွားမယ်

ဟုတ်လား။တကယ်တော့သူတို့ပြောသလောက်





လဲမဖြစ်နိုင်ပါဘူး သားရယ်၊ စိတ်ကူးမလွဲပါနဲ့ ..."

လို့တားဆီးတယ်။အစ်မကြီးက ဝင်ပြီးတော့

"ရွှေတွင်းကို သွားဖို့ နင်ပိုက်ဆံ ဘယ်

ကရမှာလဲ.."

လို့မေးတယ် စိုးအောင်က အစ်မ ဖြစ်သူကို အထင်သေး

ဟန်နဲ့ကြည့်ပြီး

"ပိုက်ဆံသာရှိရင် ကျုပ် ဘာဖြစ်လို့

ရွှေသွားရှာမှာလဲ..အဲဒီမှာ ရွှေသွားရှာတဲ့ သူတွေ

အားလုံး တစ်ယောက်မှ မချမ်းသာဘူး၊ အားလုံး

ငမွဲတွေချည်းပဲ"

လို့ဆိုလိုက်တော့ မိခင်ကြီးက မယုံမရဲနဲ့

"ရွှေတွင်းဆိုတာ အန္တရာယ်သိပ်များ

တယ်၊ သား သွားလို့ဖြစ်ပါ့မလားကွယ်"


www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုတော့ စိုးအောင်က

"ဘာလို့မဖြစ်ရမှာလဲအမေရယ်... ဖွဲ့... လုံလ... ဝီရိယနဲ့ကြံရည်ဖန်ရည်ရှိရင် အရာရာ အောင်နိုင်မယ်လို့ ဘကြီးဘုန်းကြီး ဟောထား တယ်လေ"

လို့ ဆိုလိုက်တော့ ဘကြီးဘုန်းကြီးရဲ့စကားကို မြေဝယ် မကျ နားထောင်တဲ့ မိခင်ကြီးဟာ ငြိမ်သက်ပြီး တစုံတစ်ရာ ငွေတွေးနေတယ်။

ညကိုရောက်တော့စိုးအောင်ရဲ့အိပ်ရာနံဘေးကိုမိခင်ကြီး ရောက်လာပြီး အဝတ်စုတ်နဲ့ထုပ်ထားတဲ့ နားကပ် ဟောင်းလေး တစ်ရံကို စိုးအောင် လက်ထဲထည့်လိုက်တယ်။

နားကပ်ဟောင်းလေးကိုကြည့်ပြီး စိုးအောင် ရင်ထဲ ဆို့ သွားတယ်၊ ဒီနားကပ်ဟောင်းလေးကို မင်္ဂလာဦးပစ္စည်းဆို





ခင်ဘယ်လောက်မြတ်နိုးသလဲ ဆိုတာသူသိတယ်၊ မိခင်က ိုးအောင်ရဲ့ပခုံးကိုဆုပ်ကိုင်ပြီး

"ငါ့သားသွားချင်တဲ့ လမ်းကို အမေ မတားတော့ပါဘူး၊ အမေ့နားကပ်ကို ထုခွဲပြီး သွားချင်တဲ့လမ်းကိုရောက်အောင်သွားပါ၊ဘကြီး ဘုန်းကြီးရဲ့စကားကိုမြေဝယ်မကျနားထောင်ရင် ငါ့သား ရွှေတွေကို တွေ့မှာပါ"

လို့ပြောတယ်၊ စိုးအောင်ဟာမိခင်ကိုပွေ့ဖက်ပြီး

"စိတ်ချအမေ၊ ရွှေတွေကို မရ မချင်း ကျုပ် ပြန်မလာဘူး"

လို့ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာစိုးအောင်ဟာမိခင်နဲ့အစ်မနစ်ယော
ကို နှုတ်ဆက်ပြီး မွေးရပ်မြေက ထွက်ခွာလာခဲ့တယ်။

ရွာက ထွက်လာတဲ့ အချိန်မှာ သူ့ရင်ထဲမှာ မျှော်လင့်ချ
အပြည့်နဲ့ပေါ့…။ သူဟာ တက်ကြွတဲ့ ခြေလှမ်းတွေနဲ့ ရွာထိပ်
ထွက်ခဲ့တယ်။





ရွာတော်ရှင်နတ်ကွန်းရှေ့ကိုရောက်တော့နတ်ကွန်းရှေ့မှာ
လက်အုပ်ချီပြီး

"ရွာတော်ရှင်ကြီးရေ.. သူဌေးဖြစ်
တော့မှ ရွာကို ပြန်လာတော့မယ်…. စောင်မ
ကြည့်ရှုပေးပါ.."

လို့ဆုတောင်းလိုက်တယ်၊ ပြီးတော့ ရွာထိပ်ကို ထွက်ပြီး
ကား ကြုံစောင့်တယ်။

ခဏကြာတော့ ဆန်တွေတင်လာတဲ့ လော်ရီကား စုတ်
ကြီးတစ်စီး သူ့ရှေ့မှာထိုးရပ်လိုက်တယ်။ စိုးအောင်ဟာ ကားစုတ်
ကြီးနဲ့ ရောက်သလောက်လိုက်မယ်လို့ ဆုံးဖြတ်ပြီး လိုက်ခဲ့တယ်။

နေ့တစ်ဝက်လောက်ကြာတော့ ကားစုတ်ကြီးရဲ့စက်ခန်း
ထဲက အခိုးအငွေ့တွေ ထွက်လာပြီး စပါယ်ယာက

"ရေတိုင်ကီ ပေါက်ပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com

လို့ အော်လိုက်တော့ ကားစုတ်ကြီး ထိုးရပ်သွားတယ်။

စိတ်ကောင်း ရှိဟန်တူတဲ့ ဒရိုင်ဘာကြီးက စိုးအောင်ရဲ့ ပခုံးကိုပုတ်ပြီး

"ရှေ့နားမှာ ဘူတာရှိတယ်၊ မန္တလေး ကို ရထားနဲ့ ဆက်သွားပေါ့ကွာ"

လို့ပြောတယ်။

စိုးအောင်ဟာ ဘူတာကို ဆက်လျှောက်သွားပြီး ခဏကြာ တော့ ကုန်ရထားကြီးတစ်စင်း ထိုးဆိုက်လာလို့ စိုးအောင်ရဲ့ ခရီး ဆက်ခဲ့ပြန်တယ်။

ဒီလိုနဲ့ ကြုံသလိုသွား၊ ကြုံသလိုစားပြီးတော့ မန္တလေးမြို့ကို ရောက်ခဲ့ပြန်တယ်။ မန္တလေးကို ရောက်တော့ သူ့လက်ထဲမှာ ပိုက်ဆံမရှိတော့လို့ မိခင်ကြီးပေးလိုက်တဲ့ နားကပ်ကိုရောင်းလိုက် တယ်။





သူဟာ နားကပ်ရောင်းတဲ့ငွေလေးကို အရင်းတည်ပြီး ရေလမ်းခရီးနဲ့ မြစ်ကြီးနားကိုခရီးဆက်ပြန်တယ်။ သူဟာ သင်္ဘော ...ရင်း သင်္ဘောပေါ်မှာ သူနဲ့ ဘဝတူ ရွှေရှာထွက်တဲ့ လူကြီးလူငယ် တော်တော်များများကိုမြင်ရတယ်။ ဒီလူတွေဟာ သူ့ရဲ့ပြိုင်ဘက် တွေပဲလို့ တွေးပြီး မနာလိုစိတ်တောင်ဝင်မိတယ်။

ဒီလိုနဲ့ ရေလမ်းခရီးနဲ့ မိုင်ပေါင်းများစွာ ဆန်တက်ပြီး တော့ မြစ်ကြီးနားကို ရောက်ခဲ့တယ်။

မြစ်ကြီးနားကိုရောက်တော့ အထက်ဘက်ကိုခရီးဆက်ဖို့ ရွှေရှာသမား တော်တော်များများ ကိုယ်နည်းကိုယ့်ဟန်နဲ့ ကြံဆကြ တယ်။

စိုးအောင်နဲ့ ရွှေရှာသမားတစ်စုကတော့ လော်ရီကား ကြီးတစ်စီးကို လမ်းကြုံလိုက်ပြီး ခရီးဆက်ခဲ့ပြန်တယ်။

နောက်တော့ တိုင်းရင်းသားကုန်သည်တွေက သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com

လမ်းကြို ခေါ်သွားပြန်တယ်၊ နောက်ဆုံးတော့ တိုင်းရင်းသား ကျ သည်တွေအားလုံး လမ်းခွဲထွက်ပြီး ရွှေရှာသမားတစ်စုသာ ကျ တော့တယ်။

သူတို့လိုမြေပြန့်က လူတွေအတွက် ရှေ့ဆက်ရမဲ့လမ်းက ကြမ်းတမ်းလွန်းတယ်၊ ရွှေတွင်းနဲ့အနီးဆုံးမြို့ကို သွားဖို့အတွက်လဲ မြင်းလှည်းကလွဲလို့ စီးစရာ ဘာယာဉ်မှမရှိဘူး။

စိုးအောင်တစ်ယောက်တည်း ဟိုဒီသွားလာပြီးကြည့် တော့ တစ်နေရာမှာ လူငယ်သုံးယောက်နဲ့ မြင်းလှည်းဆရာ တစ် ယောက် စျေးဆစ်နေတာ တွေ့ရလို့အနီးကိုကပ် သွားပြီး

"ခင်ဗျားတို့ ရွှေတွင်းကို သွားမလို့

လား၊ ကျုပ်လဲလိုက်ချင်တယ်ဗျာ"

လို့ဆိုတော့ ဗလကောင်းကောင်း လူငယ်က

"လိုက်ချင်ရင်တော့ ငါတို့နဲ့ မြင်း





လှည်းခစပ်တူ အချိုးကျခံရမယ်"

လို့ပြောတော့ စိုးအောင်က ခေါင်းညိတ်ပြီး သဘောတူ ကြောင်းပြလိုက်တယ်။ မြင်းလှည်းဆရာက သူတို့အားလုံးကို ကြည့်ပြီး

"မင်းတို့ အားလုံးရွှေတွင်းကို သွားမဲ့

ကောင်တွေဆိုတော့ ကျန်းမာရေးကောင်းဖို့အထူး

လိုတယ် ဆိုတာတော့ ပြောစရာမလိုပါဘူးနော်"

ဆိုတော့ ဗလကောင်းကောင်းလူငယ်က လက်မောင်းကို ပွားပြီး ဗလထုတ်ပြရင်း

"ကျန်းမာရေး ကောင်းတာတော့ မေး

မနေနဲ့၊ ဒေါင်ဒေါင်မြည်ပဲ"

လို့ပြောလိုက်တယ်။

ကျန်လူတွေက ဘာမှဝင်မပြောပဲ အတွေးကိုယ်စီနဲ့ငြိမ်



www.burmeseclassic.com

www.burmeseclassic.com


နေကြတယ်၊ ဈေးတည့်သွားပြီဆိုတော့ မြင်းလှည်းဆရာက

လှည်းကိုမြင်းတပ်ပြီး ခရီးစထွက်ခဲ့တယ်။

လှည်းပေါ်မှာ သူတို့အပြင် အခြားကုန်တွေပါလို့ ကြ

သိပ်ပြီး မလှူးသာ မလွန့်သာလိုက်ရတယ်။လှည်းပေါ်ရောက်တော့

စိုးအောင်က စပြီး လူငယ်အချင်းချင်း မိတ်ဆက် တယ်။

"ကျုပ်နံမည် စိုးအောင်လို့ခေါ် တယ်။

မြေလတ်ပိုင်းက လာခဲ့တာပဲ၊ ရည်ရွယ်ချက်က

တော့သူဌေးဖြစ်ချင်လို့ပဲ "

လို့ဆိုလိုက်တော့ လူငယ်သုံးယောက်ကလဲ သူတို့ကိုယ်

သူတို့အသီးသီး မိတ်ဆက်ကြတယ်။

လူငယ်သုံးယောက်ထဲက ဗလကောင်းကောင်းနဲ့လူ

နံမည်က စိန်တိုးလို့ဆိုတယ်၊ ကျန်နှစ်ယောက်နံမည်က ပေသီး

မဲခေါင်လို့ဆိုတယ်။



သူတို့အားလုံး ရွှေတွေရှာဖို့အတွက် အလွန် စိတ်အား

ထက်ကြွနေကြတယ်။ လမ်းခရီးမှာ မြင်းလှည်းကို ချိုင့်ကန်သင်း

တွေ ပေါ်တဲ့ လမ်းကြမ်းကြီးကို တရကြမ်းမောင်းနှင်တဲ့အတွက်

သူတို့အားလုံး ဇကောထဲက ဖီးဖြူသီးလို ခံစားရတယ်။

ဒါပေမဲ့ ရွှေအိပ်မက်ရှိနေတဲ့အတွက် သူတို့စိတ်မပျက်ဘူး၊

ကြိတ်ပြီးခံနိုင်ကြ တယ်။

နောက်တစ်နေ့ကို ရောက်တော့ လှည်းဆောင့်တဲ့ ဒဏ်

ကြောင့် သူတို့ရဲ့ခန္ဓာကိုယ်တွေ ကိုင်ရိုက်ထားသလို နာကျင်နေပြီ။

နောက်ဆုံး မခံရပ်နိုင်တဲ့အဆုံးမှာ ဗလကောင်းကောင်း လူငယ်က

"လှည်းကို အရှိန် နည်းနည်းလျှော့

မောင်းပါဗျာ..."

လို့တောင်းပန်တော့ မြင်းလှည်းဆရာက တဟားဟား

ရယ်ပြီး


www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးတွေ.... ငါက မင်းတို့ အတွက်စေတနာထားပြီးအမြန်ဆုံးမောင်းပို့ပေး နေတာကွ၊ ရွှေတွင်းကို မင်းတို့ နောက်ကျပြီး ရောက်ရင် ရွှေတွေ သူများတူးလို့ ကုန်သွားမှာ ပေါ့၊ ရွှေတွင်းမှာ ရွှေမှုဆိုးလာလုပ်ပြီး ဒီလောက် တောင်အပင်ပန်းမခံနိုင်ဘူးလားကွာ... မင်းတို့ ယောကျာ်း မဟုတ်ဘူးလား"

လို့ဆိုတော့ သူတို့အားလုံး မျက်နှာပျက်သွားကြတယ်။

တကယ်တော့ မြင်းလှည်းဆရာဟာ သူတို့ကို စေတနာ ထားလို့မဟုတ်ဘူး၊ ဒီခရီးလမ်းကို အမြန်ဆုံးပို့ပြီး နောက်ထပ် ခရီးသည် မြန်မြန်ရဖို့ဖြစ်တယ်။

မြင်းလှည်းနဲ့ သွားတဲ့ ခရီးမှာ ရွှေရှာထွက်တဲ့ လူတွေ ရှက်ဖျင်တဲ၊ သံတူရွင်းစတဲ့ ရွှေရှာဖို့ပစ္စည်းတွေ တင်လာတဲ့လှည်း





တွေကိုလဲ တွေ့ရတယ်၊ လူတန်းကြီး စီတန်းလှည့်လည်ပြီး သွား နေတာကို မယိမ်းရှင် ဘုရားဖူးခရီးသည်တွေလို့တောင် ထင်ရတယ်။

ဒီလိုနဲ့ သုံးရက်ခရီးနှင်ပြီးတော့ သူတို့ရဲ့ခရီးလမ်းဆုံး ရွာကြီးကိုရောက်တယ်။

ရွာကြီးဟာ မြစ်ကမ်းနဘေးမှာ ရှိပြီး ရွာထဲမှာ ယာယီ ဆောက်ထားတဲ့ တဲအိမ်တွေ၊ မြင်းလှည်းတွေ၊ ရှက်ဖျင်တဲတွေ၊ ရွှေတူးသမားတွေနဲ့ ပြည့်နှက်နေတယ်။ ရွာကြီးထဲက လူတွေကို ကြည့်ပြီး သူတို့ တော်တော် နောက်ကျနေသလို ခံစားရတယ်၊ သူတို့ မျက်နှာတွေကို ကြည့်ပြီး မြင်းလှည်းဆရာက သဘော ပေါက်ဟန် နဲ့ရယ်မောလိုက်တယ်။

"ဟား...ဟားဟား.. မင်းတို့ နောက် မကျပါဘူးကွာ၊ တကယ်တော့ရွှေတွင်းမှာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com


မရှိတော့ဘူးကွ၊ လူတွေအားလုံးတစ်ဆင့်စကား တစ်ဆင့်ကြားပြီး မျှော်လင့်ချက်တွေတလှေကြီးနဲ့ ရောက်လာကြတာ၊ ဟဲဟဲ.. မင်းတို့လို လောဘသားတွေများများလာလေ ငါတို့လိုငွေရှာတဲ့သူတွေအတွက် တွက်ချေကိုက်လေပေါ့ကွာ"

လို့ဆိုတော့ သူတို့ အားလုံး စိတ်ဓာတ်ကျသွားတယ်၊ ဗလကောင်းကောင်းလူငယ်က လက်သီးဆုပ်ပြီး

"တောက်..ကျုပ်တို့ ခရီးအစမှာ ကတည်းက ခင်ဗျားကြီး ဖွင့်ပြောဖို့ကောင်းတယ်"

လို့အပြစ်တင်လိုက်တော့ မြင်းလှည်းဆရာက

"တစ်ခါက ရွှေမုဆိုးတစ်စုကိုစေတနာထားပြီးပြောပြဖူးပါတယ်၊ ဒါပေမဲ့ ငါ့စေတနာကိုစေတနာလို့မထင်ဘဲ သူတို့ ခရီးကို မဦးမချွတ်လာဘ်တိတ် အောင်ပြောတယ်ဆိုပြီး ငါ့ရန်ပြုတာခံရတယ်ကွ၊ ဒီကတည်းက စေတနာဟာလူတိုင်းနဲ့မတန်ဘူးဆိုတာသိသွားတယ်ဟားဟား...တစ်ခုတော့ ရှိတယ် မင်းတို့ ရွှေတွင်းအသစ်ကိုစွန့်စားပြီး သွားရင်တော့ ဘုရားစူး ရွှေတိုရွှေစလေး နည်းနည်းတော့ ရနိုင်ပါတယ်ကွာ၊ စိတ်မပျက်ပါနဲ့"

လို့ဆိုပြီး မြင်းလှည်းဆရာဟာ သူတို့ အနားက ထွက်ခွာသွားတယ်။

ရွှေမုဆိုးလူငယ်တွေဟာ မြင်းလှည်းပေါ်က ဆင်းပြီး ခြေထောက်တွေ ခွေယိုင်နေကြတယ်၊ ရွှေရှာထွက်ဖို့လဲ စိတ်ဓာတ်ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


စိုးအောင်ကတော့ မြင်းလှည်း ဆရာပြောတဲ့ ရွှေတွေ အသစ်ဆိုတဲ့ စကားကို နားထဲက မထွက်ဘူး၊ စိုးအောင်ဟာ ရွာကြီးတစ်ခုလုံး ကြက်ပျံမကျ စည်ကားနေတာကို ကြည့်ပြီးတော့ စိတ်အားတင်းလိုက်တယ်။

"ဘာပဲဖြစ်ဖြစ် ရွှေတွေထွက်နေတာပဲ၊ ရွှေတွေ မထွက်ရင် ဒီရွာမှာ ဘာလို့ လူ တွေ ဒီလောက်စည်ကားနေမလဲ၊ ငါတို့ကြားတဲ့ သတင်းဟာ ရွှေထွက်များတာနဲ့ နည်းတာပဲကွာ တာပဲ၊ ဒီနေရာကို ဒီလောက်အပင်ပန်းခံ လာပြီးမှတော့ ရွှေတွေကိုမရရအောင် ရှာရတော့မှာပေါ့၊ ဘကြီးဘုန်းကြီးက တစ်နေ့တစ်လံပုဂံသာယ်ဖြေးမလဲလို့ မိန့်ကြားဖူးတယ်၊ ငါ့ဘဝက သေမြေကြီးရှင်ရွှေထီးဆိုတော့ မဖြစ်ဖြစ်အောင်ကြိုးစား ရမှာပဲ"

လို့တွေးပြီး ကိုယ်ကိုယ်ကိုယ် စိတ်အားတင်းလိုက်တယ်။

ကျန်တဲ့ရွှေမှုဆိုးလူငယ်သုံးယောက်ကတော့ စိတ်ဓာတ်တွေပြီး ပြန်ချင်စိတ်တောင် ပေါက်သွားကြတယ်။

စိုးအောင်ဟာ ကောင်လေးတွေနဲ့ လမ်းခွဲပြီး ရွာထဲကို လျှောက်ကြည့်တော့ လူမျိုးစုံတွေ့ရတယ်။

အရိုးအထုပ်အပိုးတွေဆွဲပြီးလျှောက်သွားနေတယ်၊ အချို့ ... ရွှေတွင်းအတွက်လိုအပ်မဲ့ သံတူရွင်း၊ ဂေါ်ပြား အစရှိတဲ့ပစ္စည်း တွေကို တကောက်ကောက် လိုက်ရောင်းနေတယ်။

အချို့လဲ သူတို့ဆိုင်မှာ ထမင်းစားဖို့ တကြော်ကြော်အော်ခေါ်နေကြတယ်၊ ရွှေတွင်းကိုကြည့်ရတာ အသက်ဝင်နေသလိုပဲ၊ မြင်းလှည်းသမားပြောသလို မျှော်လင့်ချက်မဲ့တဲ့ အခြေအနေမျိုးတော့ ဟုတ်ဟန်မတူဘူး၊ စိုးအောင်ဟာ ဗိုက်ထဲမှာ ဆာလောင်



www.burmeseclassic.com

www.burmeseclassic.com



လာတာနဲ့ ရွှေကြိုတွေ တကြော်ကြော် အော်ခေါ်နေတဲ့ ထမင်းဆိ
ထဲကိုဝင်ခဲ့တယ်။ ဆိုင်ထဲမှာ ရွှေတူးသမားတွေအများကြီး စုပြ
သောက်နေတာ တွေ့ရတယ်။ စိုးအောင်ဟာ ထမင်းစားရင်း ရွှေ
သမားတွေရဲ့စကားကို မသိမသာ နားစွင့် ထောင်ကြည့်တယ်။

ရွှေတူးသမားအားလုံးက တညီတညွတ်တည်း ရွှေတူ
မှာ ရွှေတွေအရ နည်းနေကြောင်း ညည်းညူနေကြတယ်။ ဒါပေ
လွန်ခဲ့တဲ့ တစ်လလောက်က ရွှေတွင်းအသစ်တွေ့တယ်ဆို
သတင်းကိုလဲ အား တက်ဖွယ်ကြားရတယ်။ ဒါပေမဲ့ ရွှေတူးသ
အများစုက တွင်းသစ်ကို သွားရမှာ ခရီးဝေးလွန်းလို့ စိတ်အ
ထက်သန်ဟန် မရှိဘူး။ ရွှေတူးသမား တစ်ယောက်က

"တွင်းသစ်နဲ့ ပတ်သက်လို့ ကျုပ်ကြား
တာက ရွှေတွေ သယ်ပိုးလို့မကုန်အောင် ရတယ်
တဲ့၊ ကျုပ်လဲ တွင်းသစ်ကို သိပ်သွားချင်တယ်၊



ဒါပေမဲ့ တွင်းသစ်ကိုသွားဖို့ ပစ္စည်းကရိယာနဲ့
စားနပ်ရိက္ခာလိုတယ်၊သယ်ပိုးဖို့အတွက် အနည်းဆုံး
လားတစ်ကောင်လဲလိုတယ်၊ ဒါတွေမရှိဘဲ တွင်း
သစ်ကို ဘယ်လိုသွား မလဲ"

လို့ဆိုတော့ ရွှေတူးသမား တစ်ယောက်က ဝင်ပြီး

"ဒါဆိုရင်..ခင်ဗျားဘီလေးနဲ့ သွားတွေ့
ပါလား၊ ဘီလေးက ရွှေမှုဆိုးတွေကို ကူညီ
ထောက်ပံ့ပြီး သူနဲ့စပ်တူလုပ်မဲ့လူကို စောင့်နေ
တာပဲ"

လို့ဆိုလိုက်တော့ ရွှေတူးသမားက ကမန်းကတန်း လက်
တာပြီး

"အမလေး..ဘီလေးလို လူကြီးနဲ့
တော့ မပတ်သက်ရဲပါဘူး၊ ဘီလေးနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့အစား ကျားမြီးကိုပဲဆွဲလိုက်တော့မယ်"

လို့ဆိုလိုက်တယ်။

စိုးအောင်ဟာသူတို့စကားကိုနားထောင်ပြီးဘီလေးဆိုတဲ့သူကို အလွန်စိတ်ဝင်စားသွားတယ်။

"ဘီလေးဟာ ရွှေတူးသမားတွေ အတွက်လိုအပ်တဲ့ပစ္စည်းတွေကိုကူညီထောက်ပံ့ပေးတယ်ဆိုပါလား၊ ဘီလေးနဲ့သွားတွေ့ပြီး သူနဲ့ စပ်တူလုပ်ဖို့ ကြိုးစားကြည့်မယ်"

လို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် အနီးက ရွှေတူးသမားတစ်ယောက်ဆီကို သွားပြီး

"ဘီလေးနဲ့ တွေ့ချင်လို့ပါ"

ဆိုပြီး လမ်းညွှန်ခိုင်းတယ်။ ဒီအခါက ရွှေတူးသမားက စိုးအောင် ကိုစူးစမ်းသလို ကြည့်ပြီး





"ဒီရွာမှာ ဘီလေးကို မသိတဲ့ သူမရှိဘူး၊မင်းက မသိဘူးဆိုတော့ လူသစ်နဲ့တူတယ်"

လို့ဆိုလိုက်တော့ စိုးအောင်က ခေါင်းညိတ်ပြီး

"ဟုတ်ပါတယ်ဗျာ၊ ကျုပ် ဒီနေ့မှ ရွှေတွင်းကို ရောက်လာတာပါ"

လို့ဆိုလိုက်တော့ ရွှေတူးသမားက

"ဘီလေးက ရွာအစွန်မှာ အပေါင်ဆိုင်ဖွင့်ထားတယ်ကွ၊ သူက ရွှေတူးသမားတွေကို ရိက္ခာထောက်ပေးတယ်၊ သဘောကတော့ကွာ၊ ဘီလေးက ငွေစိုက်၊ ရွှေတူး သမားက လုပ်အားစိုက်ပြီးရတဲ့ ရွှေကိုတစ်ယောက်တစ်ဝက် ခွဲယူတာပေါ့၊ ဒါပေမဲ့ ဘီလေးက သိပ်လည်ပြီး ခေါင်းပုံဖြတ်လွန်းလို့ သူနဲ့ဆက်ဆံရမှာ


www.burmeseclassic.com

www.burmeseclassic.com

လူတွေက ရှုံကြောက်ကြီးဖြစ်နေတယ်၊ သတိ ထားပြီး ဆက်ဆံပေါ့ကွာ”

လို့စေတနာကောင်းနဲ့ သတိပေးတယ်။

စိုးအောင်ဟာ ရွှေတွင်းကို ရောက်ကတည်းက ရွှေ ရှားနေပြီလို့ကြားတော့ အလွန်စိတ်ဓာတ်ကျသွားတယ်။

နောက်တော့ အသစ်ထွက်တဲ့ ရွှေတွင်းမှာ ရွှေတွေ အ ဟော ထွက်နေတယ်ကြားတော့ အလွန်စိတ်အားထက်သန် သွာ ပြန်တယ်။

ဘီလေးနဲ့ပတ်သက်တဲ့ သတင်းကိုကြားရတာတော့ တစ်စုမှ မကောင်းဘူး။

ဒါပေမဲ့ ရွှေတွင်း အသစ်ကို သွားဖို့ ပစ္စည်းကရိယာ အများ ကြီးလိုတယ်၊ ကိုယ်မှာရှိတဲ့ ပိုက်ဆံနဲ့ဝယ်ဖို့ မလုံလောက်ဘူး ဒါတွေရဖို့ ဘီလေးနဲ့ သွားကိုတွေ့ရမှာပဲ။





ဒီညတော့ စိုးအောင်ဟာ ထမင်းဆိုင်ကြီးရဲ့အနောက်က န်းလျှားမှာပဲ တစ်ညအိပ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်မှာ စိုးအောင်ဟာ မြစ်ကမ်း ဒ

လျှောက် က ရွှေတွင်းတွေကို သွားကြည့်တယ်။

ရွှေတွင်းရှိတဲ့ရွာပတ်လည်မှာတောင်တွေပတ်ပတ်လည်

ဝိုင်းရံထားတယ်၊ မြေသားသက်သက်ကို မတွေ့ရဘဲ ကျော

တောင်တွေသာ လွှမ်းမိုးထားတယ်။

မြစ်ကမ်းနံဘေးမှာ ရွှေတူးသမားတွေ အများကြီးရှိ

တယ်၊ သူတို့ဟာ စကောဝိုင်း လေးတွေနဲ့ချောင်းထဲက ရွှေတွေ





ကျင်ယူနေတယ်။

ရွှေဘိုရွှေစလေး တွေ့ရရင်တော့ စုဆောင်းပြီး ပြန်ရောင်း

ကြတယ်။ စိုးအောင်ဟာ ရွှေရှာသမားတွေကို ကြည့်ပြီး

“ ဒီလို ရွှေမှုန့်လေးတွေ ကျင်နေရုံနဲ့

ငါဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး။ ရွှေ

တွင်းအသစ်ကို မရောက်ရောက်အောင် သွားမှ

ဖြစ်မယ်၊ ရွှေတွင်းအသစ်ကို သွားဖို့လိုအပ်တဲ့

ပစ္စည်းတွေအတွက် ဘီလေးဆိုတဲ့ သူနဲ့ တွေ့ရ

မှာပဲ”

လို့ဆုံးဖြတ်ပြီး ဘီလေးရှိရာကို ထွက်ခဲ့တယ်။

ဘီလေးဟာ ရွာစွန်မှာ အပေါင်ဆိုင် ဖွင့်ထားတယ်၊

ဆိုင်ရှေ့ကိုရောက်တော့ “ဘီလေး အပေါင်ဆိုင်” ဆိုတဲ့ ဆိုင်းဘုတ်

ကြီးကို တွေ့ရ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလေးရဲ့ဆိုင်က နှစ်ထပ်ပျဉ်ထောင် အိမ်ဖြစ်ပြီး အိမ်ရဲ့ အောက်ထပ်မှာ အပေါင်ဆိုင်ဖွင့်ထားတာ ဖြစ်တယ်၊

အပေါင်ဆိုင်ရဲ့ အောက်ထပ် မျက်နှာစာကို သံတိုင်တွေနဲ့ ကာရံထားပြီး ဆိုင်တံခါးကိုလဲ လုံလုံခြုံခြုံ ကာရံထားတယ်၊

စိုးအောင်ဟာ ဆိုင်ရှေ့မှာ လူသူအရိပ် အယောင် မမြင်ရ တဲ့အတွက်ဆိုင်ထဲကို အရဲစွန့်ပြီးဝင်သွားတယ်၊ ဒီအချိန်မှာပဲ သူ့အနောက်က

"ဘယ်ပစ္စည်း ပေါင်ချင်လို့လဲ"

ဆိုတဲ့ အသံကိုကြားလို့ လှည့်ကြည့်လိုက်တော့ သူ့ရဲ့ ရွယ်တူ မိန်းမတစ်ယောက်ကို တွေ့လိုက်ရတယ်။

မိန်းမဟာ အသားညိုပြီး ရုပ်ရည် အချောကြီး မဟုတ်ပေမဲ့ ယောကျ်ား တစ်ယောက်ကို ညို့ငင်နိုင်တဲ့ အမူအယာမျိုးကို တွေ့ ရတယ်၊



သူမရဲ့အရပ်မြင့်မားပြီး တင်သားတွေကစွင့်ကားနေတယ်၊ ...သားတွေကလဲရင်ဖိုစရာ ကောင်းလောက်အောင် ဖွံ့ထွားနေ ...ယ်။

မျက်နှာပေါ်မှာရှိတဲ့ ထူအမ်းတဲ့ နှုတ်ခမ်း အစုံကလဲ ဆန့် ...ငဘက် လိင်ကို ဆွဲဆောင်နေသလိုပဲ။

စိုးအောင်ဟာ သူမရဲ့ အမေးကိုမဖြေသေးဘဲငေးစိုက် ကြည့်နေလို့ သူမက အလိုမကျဟန်နဲ့ ကြည့် လိုက်ပြီး

"ရှင်ဘာပေါင်ချင်လို့လဲ၊ မေးနေတယ် လေ"

လို့ထပ်မေးလိုက်တယ်။

ဒီတော့မှ စိုးအောင်က ရှက်အမ်းအမ်းဖြစ်သွားပြီး

"ဘာမှမပေါင်ချင်ပါဘူးဗျာ၊ ရွှေတွင်း အတွက် လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

လို့ဆိုတော့ မိန်မပျိုက သက်ပြင်းချလိုက်ပြီး

"ဘာတွေ ယူမှလဲ"

လို့မေးပြန်တယ်။ စိုးအောင်က ခေါင်းကုတ်ပြီး

"အမှန်အတိုင်း ပြောရရင် ကျုပ်က

လူသစ်ပါ၊ ဘာတွေလိုမလဲ ဆိုတာတောင် တိတိ

ကျကျ မသိပါဘူး"

လို့ဆိုလိုက်တယ်။ ဒီတော့ မိန်မပျိုက

"ဒါဆိုရင် ရှင်ဘယ်မှာ သွားတူးမှာလဲ၊

ရှင့်ရဲ့ရည်ရွယ်ချက်ကိုသိရမှ ကျွန်မပစ္စည်း ပေးလို့

ရမှာပေါ့"

လို့ပြောတယ်။

စိုးအောင်က မိန်းမပျိုရဲ့အမေးကိုစိတ်အားထက်သန်စွာ ပါက်ဟန်နဲ့

"ကျုပ်တွင်းသစ်ကို သွားမယ်ဗျာ"





လို့ပြောလိုက်တယ်။

စိုးအောင်ရဲ့စကားကြောင့် မိန်းမပျိုကမျက်မှောင် ကြုတ်ပြီး

"တွင်းသစ်ဟုတ်လား၊ တွင်းသစ်က

အဝေးကြီး အန္တရာယ်လဲ သိပ်များတယ်၊ ရွှေတူး

သမားတွေ တွင်းသစ်မှာ အသက်ပေးသွားတာ

မနည်းဘူး"

လို့သတိပေးလိုက်တယ်။ စိုးအောင်က

"ကျုပ်မမှုပါဘူး ချမ်းသာချင်လို့ ရွှေ

တွင်းကိုလာတာပဲ၊ ဒါပေမဲ့ ကျုပ်မှာ တွင်းသစ်

ကိုသွားဖို့ ငွေရေးကြေးရေး အခက်အခဲရှိ တယ်"

လို့ပြောတယ်။ မိန်းမပျိုက စိုးအောင်ရဲ့စကားကို သဘော

"ဒီဆိုရင် ကျွန်မ သဘောပေါက်ပြီ၊ ရှင်


www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဦးလေးနဲ့လာတွေ့တာ မဟုတ်လား၊

လောလောဆယ် ဦးလေး မရှိဘူးရှင့်၊ အမဲပစ်

ထွက်သွားတယ်"

လို့ပြောတယ်။ မိန်းမပျိုဟာ ဘီလေးရဲ့တူမ ဖြစ်ပုံရတယ်။

သူမက ဆက်ပြီး

"ကျွန်မက ဘီလေးရဲ့တူမရှင့်၊ ကျွန်မ

နာမည် မစန်းချစ်လို့ခေါ်တယ်၊ ရှင့်နာမည်

ဘယ်သူလဲ"

လို့မေးလိုက်တယ်၊ စိုးအောင်က

"ကျုပ်နံမည် စိုးအောင်ပါ၊ အောက်

ပြည်က လာတာ"

လို့ဆိုတော့ မစန်းချစ်က မျက်လုံးချင်းဆုံအောင် ကြည့်ပြီး

"ရှင့်မှာ အိမ်ထောင်ရှိသလား"





လို့မေးတယ်။ စိုးအောင်က ရယ်မောပြီး

"အိမ်ထောင်မရှိပါဘူး၊ လူပျိုစစ်စစ်

ပါဗျာ"

လို့ဆိုလိုက်တယ်။

မစန်းချစ်ကတဟင်းဟင်းရယ်မောပြီး

"ရေမရောဘူး ဆိုပါတော့၊ ကဲပါရှင့်၊

မကြာမီ ကျွန်မဦးလေးပြန်လာတော့မှာပါ၊ဒီမှာပဲ

ထိုင်စောင့်လိုက်ပါ၊ ရှင့် အတွက်စားစရာ

တစ်ခုခုယူလာပေးမယ်"

ဆိုပြီး လှပတဲ့ တင်သားတွေကို လှုပ်ယမ်းပြီး စိုးအောင်

နား ကထွက်ခွာသွားတယ်။

သူမရဲ့ဂါဝန်ဟာ အလွန်ပါးလျာပြီး လည်ပင်း နေရာမှာ

တော်ဟိုက်ထားတယ်။


www.burmeseclassic.com

www.burmeseclassic.com


ခဏကြာတော့ မစန်းချစ် စိုးအောင် အနီးကိုပြန်လာပြီး ခေါက်ဆွဲပြုတ် ပန်းကန်လာချပေးတယ်။ စိုးအောင် ဟာ ဆာဆာ ခေါက်ဆွဲပြုတ်တစ်ပန်းကန်ကို ကုန်အောင်စားလိုက်တယ်၊ ခေါက် ဆွဲပြုတ်စားပြီးမစန်းချစ်က

"ရွှေတွင်းအကြောင်း ဘာတွေသိ ထားပြီးပြီလဲ၊ ရွှေတွင်းမှာ ဘယ်သူကိုမှ ယုံလို့ မရဘူး၊ အားလုံးဟာ ဘနဖူး သိုက်တူးမဲ့ လူလိမ် လူကောက်တွေချည်းပဲ၊ ကိုယ်က ကျူးရင် ကိုယ့် ဒူးကိုတောင် မယုံ ရဘူး"

လို့သတိပေးတယ်။

နောက်တော့ မစန်းချစ်ဟာ စိုးအောင်ရဲ့ အကြောင်းကို မေးခွန်း အမျိုးမျိုး ထုတ်ပြီး စပ်စုနေတယ်၊ ပြီးတော့မှ အဓိပ္ပာယ် ကောက်ရခက်တဲ့ အမူအရာနဲ့

"ရှင့်ဘဝက အများကြီး လွတ်လပ်ပါ သေးတယ်ရှင်၊ မလွတ်လပ်တဲ့လူတစ်ယောက် ရဲ့ဘဝကတော့ ရှင်လျှက်နဲ့သေနေသလိုပဲရှင့်"

လို့ပြောတယ်၊ မစန်းချစ်က ဆက်ပြီး

"ရွှေတွင်းမှာ ပင်ပန်းဆင်းရဲတဲ့ ဒဏ် ကိုရှင် ခံနိုင်ပါ့မလား"

လို့မေးတယ်၊ စိုးအောင်က ခေါင်းညိတ်ပြီး

"ခံနိုင်ပါတယ်ဗျာ၊ ကျုပ်တို့ ရွာမှာ နေ တုန်းကထမင်းတစ်နပ်စားရဖို့အတွက် လယ် ထဲမှာ နဖူးကချွေး ခြေမကျအောင် လုပ်ခဲ့ရတယ်၊ ကျုပ် အလုပ်ပင်ပန်းမှာကို လုံးဝ မကြောက်ဘူး"

လို့ ပြောလိုက်တယ်။

ဒီအချိန်မှာပဲ ရုပ်ရည်ကြမ်းတမ်းပြီး သန်မာထွားကျိုင်းတန်



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့လူတစ်ယောက်ဟာ နှစ်လုံးပြူးသေနတ်ကိုထမ်းပြီး ဆိုင်ထဲ ဝင်လာတယ်။ ဒီလူကိုကြည့်ပြီး မစန်းချစ်က လေသံ တိုးတိုးနဲ့

"ဦးလေး ပြန်လာပြီ"

လို့ပြောလိုက်တယ်၊ပြီးတော့ မစန်းချစ်က ဘီလေး… ကြည့်ပြီး

"ဦးလေးအတွက်ပါတနာတစ်ယောက် …င်ပြီး ရောက်နေတယ်။ မနေ့ကမှ ရွှေတွင်းကိုရောက် လာတဲ့လူသစ်လေးပဲ"

လို့ဆိုတော့ စိုးအောင်က ထိုင်ရာက ထပြီး

"ဟုတ်ပါတယ်ဗျာ၊ ရွှေတွေရှာဖို့ အောက်ပြည်အောက်ရွာကလာခဲ့တာပါ၊ဦးလေး က ရွှေတူးသမားတွေကို ငွေထုတ်ပေးတယ်လို့ ကြားလို့ပါ"



လို့ဆိုလိုက်တော့ ဘီလေးရဲ့မျက်နှာရှုံ့မဲ့သွားပြီး

"အမလေး.. ငါ့ကို အလှူကြီးပေး တယ်လို့များ အောက်မေ့နေသလား၊ လူတိုင်းကို ငွေထုတ်ပေးရင် ငါမွဲတော့မှာပေါ့"

လို့ညည်းညူလိုက်တယ်။ စိုးအောင်က ကမန်းကတန်း

"ကျုပ်မှာလဲ စုဆောင်းထားတဲ့ ငွေ လေး နည်းနည်းပါးပါးရှိပါတယ်၊ ဒါပေမဲ့ ငွေက နည်းနေတော့ တူးဖော်ဖို့ မရနိုင်ဘူး၊ ငွေသာရှိရင် အဆင်ပြေနိုင်ပါတယ်"

လို့ပြောလိုက်တယ်၊ ဘီလေးက မျက်မှောင်ကြုတ်လိုက်ပြီး

"အဆင်ပြေမယ်လို့ မင်း ဘာကြောင့် ပြောနိုင်တာလဲ။ ရွှေတွင်းမှာ အသက်ပေးသွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတွေအများကြီး ရှိနေတယ်ဆိုတာ မင်း

မသိဘူးလား"

လို့ဆိုလိုက်တော့ စိုးအောင်က အံကို တင်းတင်းကြိတ်

လိုက်ပြီး

"ကျုပ်ရွာက ထွက်လာကတည်းက

သူဌေးမဖြစ်ရင် ရွာကို ဘယ်တော့မှ မပြန်ဘူးလို့

ဆုံးဖြတ်ထားတယ်၊ ဒီကြောင့် ဘယ်လို အခက်

အခဲတွေ့တွေ့ စိတ်မပျက်ဘူး၊ ရွှေတွေကို မရရ

အောင်ရှာမယ်"

လို့ပြောလိုက်တယ်။ ဒီတော့မှ ဘီလေးက ခေါင်းတစ်ချက်

ညိတ်လိုက်ပြီး

"အေး.. ဒီဆိုရင်တို့တွေ အေးအေး

ဆေးဆေး စကားပြောကြတာပေါ့"



လို့ပြောပြီး စိုးအောင်ကို ဆိုင်အနောက်ဘက်ကို ခေါ်သွား

တယ်။ ဆိုင်အနောက်ကစားပွဲဝိုင်းမှာ ထိုင်ကြပြီး မစန်းချစ်က သူတို့

ခယောက်အတွက်နွေလယ်စာကို စီစဉ်ပေးတယ်။

စိုးအောင်ဟာ နွေလယ်စာစားရင်း ဘီလေးဆီက စကားကို

နားစွင့်နေမိတယ်၊ ဘီလေးဟာ အတန်ကြာအောင် စကားမစသေး

ဘဲ ငြိမ်သက်စွာရှိနေတယ်။

ပြီးတော့မှ

"ရွှေတွင်းမှာ ရောက်နေတဲ့ကောင်

တွေက ဦးနောက်မရှိဘူးကွ၊ မင်းစဉ်းစားကြည့်

ရွှေထွက်တာက နည်းနည်းလေး လူတွေက

ထောင်နဲ့ချီပြီး တူးနေကြတယ်၊ ဒီလိုတွင်းမျိုးမှာ

ဆက်ပြီးတူးနေရင် ဘယ်တော့မှ စီးပွားဖြစ်

လောက်အောင် ရမှာမဟုတ်ဘူးကွ၊ အချိန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

လူပန်းပြီး သေလမ်းကိုပဲ သွားကြရမှာပဲ"

လို့ဆိုတော့ စိုးအောင်က သူ့စိတ်ကူးနဲ့ ဘီလေး စိတ်ကူး

တူကြောင်း သတိပြုမိလိုက်တယ်။

ဘီလေးက ဆက်ပြီးတော့

"တကယ်တော့ တွင်းသစ်မှာမှ ရွှေ

တွေ အများကြီး ရနိုင်တာ၊ တွင်းသစ် မှာတောင်

ရွှေတွေရနိုင်တဲ့ လျို့ဝှက်နေရာ တွေရှိတယ် ကွ"

လို့ပြောရင်း ပတ်ဝန်းကျင်ကို မျက်လုံး ဝေ့ကြည့်ပြီး

"အဲဒီနေရာကို ငါသိတယ်ကွ၊ ရွှေတွေ

အများကြီးရလိုက်တဲ့လူတစ်ယောက်ကလျှို့ဝှက်

ချက်ကို ဖွင့်ပြောသွားတာ"

လို့ဆိုလိုက်တော့ စိုးအောင်က ဘီလေးကို စိတ်အားထက်

ကြွဟန်နဲ့ ကြည့်ပြီး





"အဲဒီနေရာကို ဦးလေးကိုယ်တိုင် ဘာ

လို့ သွားမတူးတာလဲ"

လို့မေးမြန်းလိုက်တယ်၊ ဘီလေးက ခေါင်းခါယမ်းပြီး

"ငါကိုယ်တိုင် သွားလို့မှမရတာ၊ ငါ့ကို

လူတိုင်းကစောင့်ကြည့်နေကြတယ်ကွ။ ငါကိုယ်

တိုင် ရွှေတွင်းထဲကိုဆင်းလိုက်ရင် ရွှေမှုဆိုးတွေ

ငါနောက်ကနေ တကောက်ကောက်လိုက်ပြီး

တူးကြမှာသေချာတယ်၊ ဒါကြောင့် ငါက သစ္စာ

ရှိတဲ့ ရွှေမှုဆိုးလူသစ်လေးတစ်ယောက်ကို မျှော်

နေတာ။ ကဲ...မင်း သစ္စာရှိနိုင်မှာလား"

လို့ဆိုလိုက်တယ်။စိုးအောင်ကကမန်းကတန်း ခေါင်းညိတ်ပြီး

"သစ္စာရှိနိုင်ပါတယ်ဗျာ။ ကျုပ် နေ့ရော

ညပါ ကြိုးစားပြီး ရွှေတွေ အများကြီးရအောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com

စားရှာပါမယ်၊ ကျုပ်ကိုယုံပါ"

လို့အာမခံချက်ပေးလိုက်တယ်။

ဘီလေးက စိုးအောင်ရဲ့မျက်နှာကိုအတန်ကြာအော
စိုက်ကြည့်နေတယ်။ ပြီးတော့မှ စိုးအောင်ရဲ့ပခုံးကို ပုတ်လိုက်ပြီး

" ငါတို့ နှစ်ယောက် ကံစပ်နိုင်မှာပါ"

လို့ပြောလိုက်တယ်။

ဒီတော့မှ စိုးအောင်ရင်ထဲက အလုံးကြီး ကျသွားတယ်။

ဘီလေးကစိုးအောင့်ကိုဒီနေ့ကစပြီးတွင်းသစ်ကိုမသွား
အချိန်ထိ သူ့အိမ်မှာ တည်းရမည်ဆိုပြီးပြောတယ်။

စိုးအောင်ဟာ ဘီလေးရဲ့ဖိတ်ခေါ်ချက်ကို ငြင်းဖို့ ကြိုး
လိုက်ပြီးမှအနီးကနေ ဆင်မယဉ်သာဟန်နဲ့လျှောက်လှမ်းသွား
မစန်းချစ်ရဲ့အလှကိုကြည့်ပြီး ငြင်းဆန်ဖို့ အင်အားမရှိတော့ဘူး။



ဘီလေးဟာ တစ်နေကုန် ရွှေရှာခြင်းနဲ့ ပတ်သက်တဲ့
ဟုသုတတွေကို စိုးအောင်ကို ပြောပြနေတယ်။

ဒီတော့မှ ဘီလေးဟာ ရွှေတွင်းနဲ့ ပတ်သက်တဲ့ အတွေ့
ကြုံတော်တော်များကြောင်း သိလိုက်ရတယ်၊ ဘီလေးဟာ ရွှေနဲ့
တ်သက်ပြီး အလွန်ကျွမ်းကျင်တဲ့ရွှေမုဆိုးတစ်ယောက် လုပ်ပြီး
တွင်းမှာ ပိုက်ဆံမရှာတာ အံ့သြစရာဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီအကြောင်းကို စိတ်ဝင်စားလို့ မေးမြန်းကြည့်တော့ ဘိလေးက

"ဟားဟားဟား...ငါက မမြင်ရတဲ့ ပိုက်ဆံကို စိတ်မဝင်စားဘူး၊ ငါရဲ့အပေါင်ဆိုင်ကရတဲ့ ပိုက်ဆံဟာ ရွှေတူးတဲ့သူတွေ ထက်သာတယ်ကွ၊ ငါ့ဆိုင်ရဲ့ဝင်ငွေ သူတို့ထက် မသာရင် သူတို့ငါ့ဆိုင်မှာလာပြီးပစ္စည်းတွေပေါင်လို့ဘယ်ရမလဲကွာ.."

လို့ဆိုပြီး ဆိုင်ထဲက ထွက်သွားသွားတယ်။

စိုးအောင်ဟာ ဘိလေး နောက်ကျောကို ကြည့်ပြီး အ... နယ်ချဲ့ရှင်းကျန်ရစ်ခဲ့တယ်။ ဒီအချိန်မှာပဲ အနီးကို မစန်း... ရောက်လာပြီး

"ရှင်ရေချိုးလိုက်ပါလား၊ ရေချိုးပြီးတော့





ကျွန်မတို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

လို့ပြောတယ်။

စိုးအောင်ဟာ ရေချိုးဖို့ အိမ်အနောက်ဘက်ကို ထွက်ခဲ့တယ်။ အိမ်အနောက်မှာ လုံလုံခြုံခြုံ ကာရံထားတဲ့ ရေချိုးခန်း ရှိတယ်။

အိမ်အနောက်က စမ်းချောင်းထဲက ရေကို ဝါးရေတလျှောက်တွေနဲ့ အိမ်ထဲကို ရောက်အောင် သွယ်တန်းထားတာတွေ့ရတယ်။

စိုးအောင်ရေချိုးပြီးတော့အနီးကိုမစန်းချစ်ရောက်လာပြီး ...အောင်နောက်ကြောင်းတွေကိုစပ်စုဖို့ကြိုးစားပြန်တယ်။

စိုးအောင်က သူ့နောက်ကြောင်းတွေ ပြောရင်း မစန်းချစ်နဲ့ ...င်းတနီးဖြစ်လာတယ်။ ညမှောင်ရီသန်းစအချိန်ကို ရောက်...


www.burmeseclassic.com

www.burmeseclassic.com

တော့ ဘီလေး ရွာထဲက ပြန်လာပြီး စိုးအောင်နဲ့အတူ ညစာစ
တယ်။ ညစာစားရင်း ဘီလေးဟာ အရက်ကို တစ်ခွက်ပြီး တစ်ခွ
သောက်တယ်။

ဘီလေးအရက်သောက်ပြီး လဲကျသွားတော့ မစန်းချစ်
စိုးအောင်ကို အိမ်အနောက်က အခန်းလေးကို လိုက်ပို့တ
အခန်းဝကို ရောက်တော့ မစန်းချစ်က တခါးကိုဖွင့်ပေးရင်း လေ
တီးတိုးနဲ့

“ကျွန်မ ဘယ်လောက်အထီးကျန် နေရ
သလဲ ဆိုတာ ရှင်မြင်ပြီမဟုတ်လား၊ ဒီလို အထီး
ကျန်ညမျိုးတွေကျွန်မအမြဲကြုံနေရတယ်ရှင့်....”

လို့ပြောပြီး စိုးအောင်နဲ့မျက်လုံးချင်းဆုံအောင်ကြည့်
စိုးအောင်ဟာအတွေ့အကြုံနည်းသူတစ်ယောက်ဆိုပေမဲ့မစန်း
ရဲ့ညို့ငင်စွမ်းရှိတဲ့မျက်လုံးတွေရဲ့အဓိပ္ပာယ်ကိုနားလည်နေသ





စိုးအောင်ဟာ ရင်ထဲမှာ တလှပ်လှပ်တုန်ယင်နေပြီး
ခါးကို ကမန်းကတန်းဆွဲပိတ်လိုက်ရတယ်။

အခန်းထဲမှာ မီးရောင်မှိန်မှိန်လေးလင်းနေပြီး သံခုတင်
တ်ကလေး တစ်လုံးကိုတွေ့ရတယ်၊

စိုးအောင်ဟာ သံခုတင်ပေါ်မှာခြေပစ် လက်ပစ်ထိုင်ပြီး
ခ်ကိုယ်လုံးအားအင် ကုန်ခန်းသလို ခံစားလိုက်ရတယ်။

ဒီအချိန်မှာပဲ အိပ်ခန်းတခါးက ကျွိ...ခနဲ မြည်အောင်
သွားပြီး မစန်းချစ်က စိုးအောင် နောက်ကျောကို သိုင်းဖက်
တ်တယ်၊ စိုးအောင်ဟာ ရင်ထဲမှာ ပူလောင်လာပြီး

“မစန်းချစ်...မစန်းချစ်”

လို့ တတွတ်တွတ် ခေါ်ဝေါ်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်မှာ စိုးအောင်ဟာ နေအတော်မြ
အိပ်ယာကနိုးတယ်။

အိပ်ယာက နိုးနိုးချင်း အနီးကိုကြည့်လိုက်တော့ မစန်း
မရှိတော့ဘူး။

ဘယ်အချိန်က ထွက်သွားသလဲဆိုတာတောင် =
လိုက်ဘူး၊ စိုးအောင်ဟာ ညကမက်ခဲ့တဲ့ အိပ်မက်ဆိုးကြီး
တောင်မတွေးဝံ့ဘူး၊



အိပ်မက်ထဲမှာ သူ မရောက်ဘူးတဲ့နယ်မြေသစ် တစ်ခုကို
စန်းချစ်က ဦးဆောင်ပြီးခေါ်သွားတယ်၊သူဟာအတွေ့အကြုံ
သစ်တွေကို ရင်တဖိုဖိုနဲ့ ခံစားပြီးလိုက်ပါနေမိတယ်။

စိုးအောင် ရေမိုးချိုးပြီး အိပ်ခန်းလေးထဲက ထွက်တော့
နက်စာပြင်ဆင်နေတဲ့မစန်းချစ်ကိုတွေ့ရတယ်။

မစန်းချစ်က စိုးအောင် အိပ်ခန်းထဲက ထွက်လာမှန်း သိ
မဲ့ငဲ့စောင်းလို့တောင် မကြည့်ဘူး။

ညက ဘာမှမဖြစ်ခဲ့သလို အမူအရာမျိုးဖြစ်နေတယ်၊
းပွဲရှေ့မှာ ဘီလေးထိုင်နေပြီး ဆန်ပြုတ်တစ်ပန်းကန်ကို ထိုင်
သောက်နေတယ်၊ စိုးအောင်ကိုမြင်တော့

"ထိုင်ကွာ"

ဆိုပြီး သူ့ရှေ့မှာ ထိုင်ခိုင်းတယ်။ စိုးအောင်ဟာ မလုံမလဲ
နဲ့ ဘီလေးရှေ့မှာ ဝင်ထိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်က နံနက် စာကတော့ ထူးထူးခြားခြား မဟုတ်ပါ

ဆန်ပြုတ် တစ်ပန်းကန်ပါပဲ၊

စိုးအောင်ဟာ ဆန်ပြုတ်သောက်ရင်း မစန်းချစ်ကို မ

မသာ ကြည့်လိုက်တော့ ကျောခိုင်းပြီး မီးဖိုရှေ့မှာ ထင်းတွေထိုး

ထည့်နေတယ်၊ သူမကိုကြည့်ရတာ ညက ကိစ္စကိုမေ့ထားလိုက်

ရတယ်။

ဆန်ပြုတ်သောက်ပြီးတော့ ဘိုးလေးက စားပွဲပေါ်ကို စာရွ

တစ်စောင်ပစ်ချလိုက်ပြီး

"ဒီမှာ အလုပ်လုပ်မယ် ဆိုရင်တော့

တစ်ယောက်နဲ့တစ်ယောက်စာချုပ်ချုပ်ဖို့လိုတယ်"

လို့ပြောတယ်။

စိုးအောင် စာချုပ်ကို လှမ်းယူကြည့်တော့ စာချုပ်

အင်္ဂလိပ်လို ရိုက်နှိပ်ထားတဲ့ အတွက် တစ်လုံးမှ နားမလည်





အောင်က စာချုပ်ကို ကြည့်ပြီး ခေါင်းခါယမ်း လိုက်ကာ

"ကျုပ် တစ်လုံးမှ နားမလည်ဘူး"

လို့ပြောလိုက်တယ်။ ဒီအခါမှာ ဘိုးလေးက

"မင်းနားမလည်ရင် ငါဖတ်ပြမယ် သေ

သေချာချာ နားထောင်၊ စာချုပ်ထဲမှာ ရေးထား

တာက ရွှေတူးတဲ့အလုပ်မှာ မင်းနဲ့ငါ နှစ်ဦး

သဘောတူ ရှယ်ယာလုပ်ကိုင်ကြတယ်၊ ငါက

ပစ္စည်းစိုက်ပြီး မင်းက ခွန်အားစိုက်ထုတ်တယ်၊

ရလာတဲ့ အကျိုး အမြတ်ကိုတော့ မင်းနဲ့ငါ တစ်

ယောက် တစ်ဝက်စီခွဲယူကြမယ်ပေါ့ကွာ၊ ဒီမှာ

မင်းစာချုပ်အတွက်တော့ သံသယမရှိပါနဲ့၊ ဒါဟာ

လုပ်ရိုးလုပ်စဉ်စာချုပ်တစ်ခုပါ၊ နောက်ပြီး စာချုပ်

ထဲမှာပါတဲ့ အချက် တစ်ချက်ရှိသေးတယ်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေတွေရှာလို့ မရရင်တောင်မှ မင်းကိုငါက နေ့တွက် အနေနဲ့ပေးဦးမယ်၊ မင်းအတွက် မနစ်နာပါဘူးကွာ"

လို့ဆိုတယ်။

စိုးအောင်ဟာ ဘိုးလေးပြောပြတဲ့ အချက် အလက်တွေ သဘောတူတာနဲ့ စာချုပ်ကို လက်မှတ်ရေးထိုးပေးလိုက်တယ် ဒီအခါမှာ ဘိုးလေးက စိုးအောင် လက်ကို တင်းတင်း ဆုပ်ကိုင်ပြီး

"တို့နှစ်ယောက် ကံစပ်မှာ သေချာပါတယ်၊ ရွှေမှုဆိုးတစ်ယောက်အတွက် ကံကြမ္မာနဲ့ဖွဲ့ဟာအရေးအပါဆုံးပဲ၊ မင်းမှာ ဒီအရည်အချင်းနှစ်ခုစလုံးရှိမယ်လို့ ငါယုံကြည်တယ်၊ တစ်ခါတုန်းက ရွှေမှုဆိုးတစ်ယောက်ဟာ ရွှေတူးတာတစ်လကျော်နေပြီ၊ ရွှေတစ်ရွေးသားမှ မရလို့





စိတ်ညစ်ညစ်နဲ့ မြေကြီးကို သံတူရွင်းနဲ့ ထိုးကော်လိုက်တာ ရွှေကို အတုံးလိုက် အခဲလိုက် ရလိုက်တယ်၊ ကံကောင်းတဲ့သူတွေကလည်း ရွှေတောကို ဒီနေ့ရောက်   မနက်ဖြန်စတူးတာ ၄ ပေလောက်ပဲတူးရသေးတယ်၊  ရွှေကြောတွေ့ပြီး ရွှေကို ပိသာလိုက်ရသွားတယ်"

လို့ပြောလိုက်တယ်။

စိုးအောင် မျက်လုံးထဲမှာလဲ အရောင်တဝင်းဝင်း လက်နေတဲ့ရွှေတုံးရွှေခဲတွေကို မြင်ယောင်နေမိတယ်၊

ဘိုးလေးက ဆက်ပြီး

"တွင်းသမ်ကို ၅ ရက်လောက် ခရီးပြင်းသွားရဦးမယ်၊ ငါတို့ ခရီးအတွက် သတင်းပေါက်ကြားမှာစိုးလို့ လမ်းပြလဲ ခေါ်လို့မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com

မြေပုံကြည့်ပြီး ကိုယ့်အား ကိုယ်ကိုး ခရီးဆက်ရမှာပဲ"

လို့ပြောတယ်၊ ပြီးတော့ ဘီလေးက သူ့ကို အိမ်အနောက်ဘက်ကိုခေါ်သွားပြီး လမ်းခရီးအတွက် လိုအပ်မဲ့ပစ္စည်းတွေကိုပေးတယ်၊ ပစ္စည်းအမျိုးအစား အတော်စုံလင်တယ်။

လမ်းခရီးမှာ အသုံးပြုဖို့ လက်နှိပ်ဓာတ်မီး၊ ပေါက်ချွန်း၊ ပေါက်ပြား၊ ရှက်ဖျင်တဲ၊ သားရေခင်း၊ ကျောက်စစ်စကားများ ဆေးဝါးများ၊ အသားခြောက်၊ ဆန်၊ နို့ဆီ စတဲ့ ပစ္စည်းတွေ ပါတယ် နောက်ထပ်လဲ အမျိုးအမည် မဖော်ပြနိုင်တဲ့ ပစ္စည်း အမျိုးစုံလင်လှတယ်။

ဘီလေးက ပစ္စည်းတွေ ရွေးပြီးတော့

"လိုအပ်တဲ့ပစ္စည်းတွေတော့ အတော်စုံနေပြီ၊ မင်းအတွက် လားတစ်ကောင်ပဲ လိုတော့





တယ်၊ ငါ့ရဲ့လားတွေအကုန်လုံးတရုတ် ကုန်သည်တွေ ငှားသွားတယ်၊ သူတို့ပြန်လာဖို့ ၃ ရက်လောက်စောင့်ရမယ်၊ မင်းငါ့အိမ်မှာ ခဏ နားနေပေါ့ကွာ"

လို့ပြောလိုက်တော့ စိုးအောင်ဟာ အနီးမှာ ရပ်နားထောင်နေတဲ့ မစန်းချစ်ကို တစ်ချက် လှမ်းကြည့်လိုက်မိတယ်။

မစန်းချစ်က ဘီလေး မမြင်အောင် စိုးအောင်ကို မျက်စောင်းလှမ်းထိုးလိုက်တော့ စိုးအောင်ရင်ထဲမှာ လှိုက်ဖိုသွားတယ်။ မစန်းချစ်နဲ့ ၃ ရက်လောက်အတူတူနေရဦးမှာပါလား လို့ တွေးရင်း ကြည်နူးသလိုဖြစ်သွားတယ်။

ခဏကြာတော့ ဘီလေးဟာ ရွာထဲကို ထွက်သွားတယ်၊ စိုးအောင်ကိုလဲ ဘယ်ကိုမှ မသွားဘဲ အိမ်ထဲမှာပဲ နေဖို့ သတိ ပေးတယ်၊ သူနဲ့ နှစ်ဦးသဘောတူ ချုပ်ဆိုထားတဲ့ စာချုပ်ကိုလဲ လုံလုံ


www.burmeseclassic.com

www.burmeseclassic.com


ခြံ့ခြံ့ သိမ်းထားဖို့မှာကြားတယ်။

ဘီလေးရဲ့ သတိပေးချက်တွေဟာ စိုးအောင်အတွက် အကြိုက်တွေ့စရာဖြစ်နေတယ်။

ဘီလေးထွက်သွားတာနဲ့ စိုးအောင်ဟာ ကျောခိုင်းထိုင်နေတဲ့ မစန်းချစ် အနီးကို တိုးကပ်သွားတယ်။ မစန်းချစ်က သူ့ကိုလှည့်မကြည့်ဘဲနေတယ်။ စိုးအောင်က သူမ ပခုံးကိုဖက်ပြီး

"မစန်းချစ်"

လို့တီးတိုး ခေါ်လိုက်တော့ သူမက အသာအယာ ရုန်းဖယ်လိုက်ပြီး

"ညက ကျွန်မတို့ မှားသွားကြတယ်။ တကယ်တော့ ဒီလောက် မြန်မြန်ဆန်ဆန် မဖြစ်သင့်ပါဘူး၊ ကျွန်မ ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ ရှင်တော့ ကျွန်မကို တော်တော် အထင်သေး

မှာပဲနော်..."

လို့ဆိုလိုက်တော့ စိုးအောင်က သက်ပြင်းချလိုက်ပြီး

"မစန်းချစ်ကို အထင်မသေးပါဘူး၊ ကျုပ် ကိုယ်တိုင်လဲ ထိမ်းချုပ်နိုင်စွမ်း မရှိခဲ့ဘူး။ ဒီကိစ္စအတွက်ဘာမှမပူပါနဲ့၊ ကျုပ် ရွှေရှာတဲ့ ခရီးကပြန်လာရင် မစန်းချစ်ကို လက်ထပ်ယူပါမယ်"

လို့ဆိုလိုက်တော့ မစန်းချစ်က သက်ပြင်းချပြီး

"ဒီလိုဖြစ်ရင်တော့ သိပ်ကောင်းတာပေါ့ရှင်၊ ဒါပေမဲ့ လောကမှာ ဘယ်အရာမှ ကြိုတင်တွက်ဆထားလို့ မရဘူး ရှင့်"

လို့တီးတိုးဆိုလိုက်ပြီး စိုးအောင်ရဲ့ရင်ခွင်ထဲကို ခေါင်းတိုး...င်လာတယ်။

စိုးအောင်က သူမကို တင်းဆွဲဖက်ထားလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခဏကြာတော့ မစန်းချစ်က ရင်ခွင်ထဲကရုန်းကန်ထွက်လိုက်ပြီး

"ကျွန်မတို့ဒီလိုနေလို့ မရဘူး၊ ဦးလေး

ပြန်လာလို့ မိသွားရင် ဟုတ်ပေ့ ဖြစ်နေလိမ့်မယ်၊

ရှင် သတိထားပြီးနေနော်၊ ဦးလေးက တူမထိရင်

ဓားကြည့်ဆိုတဲ့ လူစားမျိုးရှင့်"

လို့သတိပေးတယ်။

ဒီလိုနဲ့ စိုးအောင်တစ်ယောက်ခရီးသွားဖို့ လားတွေ...

စောင့်ရင်း ဘီလေးရဲ့အိမ်မှာ သောင်တင်နေတယ်။

ဘီလေး ရဲ့ ထူးခြားချက်ကသူနဲ့ စပ်တူလုပ်ဖို့ စာ...

ချုပ်လိုက်တဲ့ နောက်ပိုင်းမှာ စိုးအောင်ကို ရွာထဲကို အသွား...

တော့ဘူး။

ရွာထဲကလူတွေ ရွှေတွင်းနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်...

သိသွားမှာ စိုးရိမ်နေပုံရတယ်။





စိုးအောင်ဟာ ရွှေတွင်းကိုရောက်ပြီး နောက်ပိုင်းသူ့ဘဝရဲ့

...ထူးခြားတဲ့ကံကြမ္မာအပြောင်းအလဲကိုမယုံနိုင်အောင်ဖြစ်မိတယ်။

သူဟာ ရွာမှာ နေတုန်းက သူဌေးဖြစ်အောင် ကြိုးစားမယ်

ဆိုတဲ့ ရည်ရွယ်ချက်ကြောင့် မိန်းမတွေနဲ့ ကင်းကင်းနေခဲ့တယ်။

မစန်းချစ်နဲ့ တွေ့ပြီး အချိန်ခဏလေးမှာ မှားယွင်းကြတာ

...အံ့သြစရာပဲလို့ တွေးမိတယ်။

ဘာပဲဖြစ်ဖြစ် မစန်းချစ်ကို မြင်မြင်ချင်း သံယောဇဉ် ဖြစ်မိ

...တာအမှန်ပဲ။

စိုးအောင်ဟာ ရွှေတွေတူးဖော်လို့ ရလာခဲ့ရင် မစန်းချစ်နဲ့

...ဒီစွကိုဘီလေးကို ဖွင့်ပြောပြီး လက်ထပ်မယ်လို့တောင် စိတ်ကူး

...တွေ့ယဉ်နေမိတယ်။

အဲဒီညက လူခြေတိတ်တဲ့အချိန်ထိ မစန်းချစ်ကို မျှော်နေ

...ပေမဲ့ သူ့မ...ရောက်မလာဘူး။


www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့ ညနေ ဘီလေး ရွာထဲကိုအရက် သောက်ဖို့ထွက်သွားတဲ့အချိန်မှာ စိုးအောင်ဆီကိုမစန်းချစ် ရောက်လာပြီး

"ကျွန်မ ရှင်နဲ့ မတွေ့ဖို့ကြိုးစားပြီး ထိန်းနေတာ၊ ဒါပေမဲ့ မရဘူး၊ ကျွန်မကိုယ် ကျွန်မ ထိန်းချုပ်လို့ မရတော့ဘူးရှင့်"

လို့ပြောပြီး စိုးအောင်ကို စတိုခန်းထဲခေါ်သွားတယ်။ သူ့နှစ်ယောက်ရဲ့အချစ်ခန်းဟာ ဘီလေးရဲ့စတိုခန်းထဲမှာပဲ ပြီးဆုံးသွားတယ်။ တစ်နာရီလောက်ကြာတော့ မစန်းချစ်က

"ကျွန်မတို့ ဒီလို အမြဲနေခွင့်ရရင် သိပ်ကောင်းမှာပဲနော်၊ လောကနိဗ္ဗာန်ဆိုတာ ဘာလဲဆိုတာ ကျွန်မအခုမှသိတယ်"

လို့ပြောတယ်။

စိုးအောင်က ချွေးတွေစို့ရွှဲနေတဲ့မစန်းချစ်ရဲ့နဖူးကိုနမ်းပြီး

"ကျုပ်ကြိုးစားမှာပါ၊ ရွှေတွင်းက ပြန်လာပြီးရင် ဦးလေးကို ဖွင့်ပြောပြီး လက်ထပ်ကြမယ်လေ"

လို့ဆိုလိုက်တော့ မစန်းချစ်က သက်ပြင်းချပြီး

"ရွှေတွင်းမှာ ဘယ်အရာမှ ကြိုတင်တွက်ဆထားလို့မရဘူး၊ မျှော်လင့်မထားတဲ့ ရှုထောင့်ကအန္တရာယ်တွေ ရောက်လာတတ်တယ်၊ ဒါကြောင့်ရှင့်စကားကြောင့် စိတ်တုံးတုံးချပြီး ကျွန် မပျော်ရဲသေးဘူး"

လို့ပြောတယ်။

စိုးအောင်ကတော့ အနာဂတ်ကို အကောင်းမမြင်တဲ့ မစန်းချစ်ကိုအားမလိုအားမရဖြစ်မိတယ်။

ဒီလိုနဲ့ စိုးအောင်ဟာ လားတွေကို စောင့်ရင်း ဘီလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ တစ်ပတ်နီးပါး ကြာသွားတယ်။

သူတို့နှစ်ယောက်လဲ ဘီလေး ကွယ်ရာမှာ မကြာမကြာ [illegible] တွေ့ပြီး ချစ်တင်းနှီးနှောကြတယ်။

တစ်နေ့ အချစ်နာလန်ထပြီး မစန်းချစ်က အဝတ်တွေ [illegible] ပြန်ဝတ်ရင်း

"ကျွန်မ ရှင့်ကို သိပ်ချစ်နေပြီ၊ ရှင့်ကို ရွှေတွင်းကိုတောင်မသွားစေချင်တော့ဘူး"

လို့ဆိုတော့ စိုးအောင်ရင်ထဲမှာ လှိုက်ဖိုသွားတယ်။

သူ ကိုယ်တိုင်လဲ မစန်းချစ်ရဲ့အနားက တစ်ဖဝါးမှ [illegible] မခွာချင်တော့ဘူး၊ ဒါပေမဲ့ သူရဲ့သူဌေး အိပ်မက်ကိုတော့ မ[illegible] အောင် အကောင်အထည်ဖော်ရဦးမယ်။

စိုးအောင် ဘီလေးအိမ်ကိုရောက်ပြီး တစ်ပတ် အ[illegible] တရုတ်ကုန်သည်တွေ ဈေးသွားတဲ့လားတွေပြန်ရောက်လာ[illegible]





ဘီလေးက စိုးအောင်ပခုံးကို ပုတ်ပြီး

"မင်း မနက်ဖြန် ရွှေတွင်းကိုသွားပေတော့"

လို့ပြောတယ်။

အဲဒီညက သူတို့ နောက်ဆုံးအနေနဲ့ တွေ့ကြတယ်။ [illegible]န်းချစ်က သူ့ရင်ခွင်ထဲကို ခေါင်းတိုးဝင်ပြီးတော့ လှိုက်မောတဲ့ [illegible]သံနဲ့

"အကြာကြီးခွဲနေရမှာနော်..."

တီးတိုးပြောလိုက်တယ်။ သူတို့ တစ်ညလုံး တစ်ဦးနဲ့ [illegible]ဦး တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

စိုးအောင်ဟာ နောက်တစ်နေ့မှာ ရွှေရှာထွက်ဖို့ ...
ကြမ်းကြီးကို နင်ခဲ့တယ်။

စိုးအောင်ရဲ့ပစ္စည်းတွေကို လားပေါ်ကိုတင်နေရှိ...
အိမ်ပေါက်ဝက မစန်းချစ် စောင့်ကြည့်နေတာ တွေ့ရတယ်။

ဘီလေးကစိုးအောင်ကိုအိမ်ထဲကိုခေါ်ပြီး မြေပုံကို...
ဆုံးအနေနဲ့ထပ်ပြတယ်။ ဘီလေးက





"ဟောဒီမှာ...စိန်ခူးဝမ် မြစ်ကမ်းကလွဲ
လို့ဘယ်နေရာမှာမှ ရွှေအများကြီး မရနိုင်ဘူးကွ၊
ဒီခရီးအတွက် ၅ရက် လောက်ခရီးပြင်းနှင်ရမယ်၊
ဒါပေမဲ့ အပြန်လမ်းဆိုရင်တော့ ၆ ရက်လောက်
ကြာလိမ့်မယ်"

လို့ပြောလိုက်တယ်။

စိုးအောင်က ဘီလေး စကားကို နားမလည်ဟန်နဲ့

"အပြန်လမ်းက ဘာဖြစ်လို့ ၆ ရက်
ကြာရမှာလဲဗျ"

လို့မေးမြန်းလိုက်တယ်။ ဘီလေးက သဘောကျဟန်နဲ့
...မောလိုက်ပြီး

"ဟားဟား..ဟား... အပြန်လမ်းမှာ
ဘာလို့ တစ်ရက်ပိုကြာသလဲဆိုတော့ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com


"လား"ပေါ်မှာရွှေတွေအများကြီးပါလာလို့ပေါ့ကွာ"

လို့ပြောတော့မှ စိုးအောင်က ဆိုလိုရင်းကို သဘော ပေါက်သွားတယ်။

စိုးအောင်ဟာ "လား"ပေါ်ကို ပစ္စည်းတွေ အားလုံးတင် တော့မစန်းချစ်ဘက်ကိုငဲ့စောင်းကြည့်ကာ

"ကျုပ်သွားတော့မယ်၊ နှုတ်ဆက်ခဲ့ ပါတယ်ဗျာ.."

လို့ပြောလိုက်တယ်၊ မစန်းချစ်က ဘီလေးရှေ့မှာ ... လုပ်ပြီး

"ကံကောင်းပါစေရှင်၊ ရှင်ပြန်လာမဲ့နေ့ ကိုမျှော်နေပါမယ်"

လို့ပြောတယ်။

စိုးအောင်ဟာမစန်းချစ်ကိုမခွဲချင်ဘဲ ခွဲလိုက်ရတယ်

စိုးအောင်ဟာ ဝန်တင်လားကို ဆွဲရင်း အဝေးကနေ အိမ်ကလေးကို ပြန်လှည့်ကြည့်တော့ အိမ်ကလေးရှေ့မှာ ရပ် ကြည့်နေတဲ့ မစန်းချစ်ကိုမြင်ရတယ်။

သူက မစန်းချစ်ကို အဝေးကနေ လက်လှမ်းပြလိုက် တယ်။

"ရွှေတွေကိုမရရအောင်ရှာပြီးပြန်လာ မယ်မစန်းချစ်ရေ...."

လို့တီးတိုး ရေရွတ်ပြီး ကျောခိုင်းထွက်ခွါလာခဲ့တယ်။

စိုးအောင်ဟာ အနောက်ဘက်ကို ဦးတည်ပြီး မြေပုံညွှန်း အတိုင်း ခရီးဆက်ခဲ့တယ်။

တစ်နေကုန် ခရီးဆက်ပြီး ညမှောင်ရီသန်းစ အချိန်မှာ ...ချောင်းတစ်ခုကိုရောက်တယ်။

သူဟာ "လား"ပေါ်က ဝန်စည်စလှယ်တွေကို ချပြီး



www.burmeseclassic.com

www.burmeseclassic.com



"လား" ကို အစာကျွေးလိုက်တယ်။

ပြီးတော့စမ်းချောင်းအနီးမှာမီးဖိုပြီးတော့ထမင်းတစ်အိ

တည်လိုက်တယ်။ မီးကျီခဲ ရဲရဲမှာ အသားခြောက်တွေကို ကင်ပြီ

ညစာကိုစားလိုက်တယ်။

စိုးအောင်ဟာညစာစားပြီးတော့ပင်ပန်းနွမ်းနယ်လွန်း

ရှက်ဖျင်တဲထိုးပြီး အိပ်စက်လိုက်တယ်။ ညဥ့်နက်လာတဲ့ အ

တောတွင်းက ကြောက်မက်ဖွယ်အသံမျိုးစုံကို ကြားရ တယ်။

သူ့မှာ ခုခံကာကွယ်စရာဆိုလို့ ပေါက်ချွန်းနဲ့ပေါက်ပြ

လောက်ပဲရှိတယ်။ ညဥ့်နက်လေ တောရိုင်း တိရစ္ဆာန်တွေရဲ့

သံဟောက်သံတွေကို ပိုကြားရလေဘဲ။

စိုးအောင်ဟာ မှောင်ကြီး မည်းမည်းထဲက ကြောက်

ဖွယ်တောသတ္တဝါကြီးတွေ ထွက်လာပြီး သူ့ကို ကိုက်ခဲ

မလားလို့တွေးပြီး အထိတ်တလန့်နဲ့တစ်ညလုံး အိပ် မ

နိုင်ဘူး။

မနက်မိုးလင်းကာနီးမှ မှေးခနဲ အိပ်ပျော်သွားတယ်။

သူဟာ အိပ်မက်ထဲမှာ ရွှေတွေအများကြီး တူးဖော်ရ ရှိခဲ့တယ်။ သူတူးလို့ရတဲ့ရွှေတွေကိုမစန်းချစ်ကိုဝမ်းသာအားရပြနေတုန်း ဓားပြတွေလာပြီး လုယက် တိုက်ခိုက်ခဲ့တယ်။

သူဟာ ဓားပြတွေကို အစွမ်းရှိသမျှ ပြန်လည်ခုခံရင်း သေနတ် ထိမှန်ပြီး မြေပေါ်ကို လဲကျသွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

စိုးအောင်နံနက်မိုးလင်း အိပ်ရာကနိုးတော့ သူရဲ့ "လား"

လေး မြေပေါ်လဲကျသေဆုံးနေတာ တွေ့ရတယ်။

စိုးအောင်ဟာ အံ့သြတကြီးနဲ့ ညကသတ္တဝါတစ်ကော

ကိုက်သွားသလားဆိုပြီး "လား" သေကောင်ရဲ့ကိုယ်ပေါ်မှာဒဏ်

ရှာကြည့်တယ်၊ ဒါပေမဲ့ဒဏ်ရာမှ မတွေ့တဲ့အတွက် အံ့

စရာဖြစ်နေတယ်။

တကယ်တော့ "လား" ဟာ ပင်ပန်းလွန်းတဲ့ဒဏ်ကြော





အမောဆို့ပြီးသေဆုံးရခြင်းဖြစ်တယ်။

သူဟာ နောက်ကြောင်းပြန်ပြီး ဘီလေးဆီက "လား"

တစ်ကောင်တောင်းရင် ကုန်ဆုံးမဲ့အချိန်တွေကိုနမျောတဲ့အတွက်

ဝန်စည်စလုယ်တွေကို ကိုယ့်ဘာသာ ပင်ပန်းခံပြီး သယ်ယူဖို့

ဆုံးဖြတ်လိုက်တယ်။

ဒီအချိန်မှာပဲ ကောင်းကင်ပေါ်က ထူးဆန်းတဲ့ အသံ

တွေကြားလို့မော့ကြည့်လိုက်တော့ "လား" သေကောင်ကို စားဖို့

ရောက်လာတဲ့ လင်းတအုပ်ကြီးရဲ့တောင်ပံခတ်သံတွေ ဖြစ်နေ

တယ်။

စိုးအောင်ဟာသူရဲ့ ဝန်စည်စလုယ်တွေကို နိုင်သမျှ

သယ်ပိုးပြီး "လား" သေကောင်ဆီက အလျှင်အမြန် ခွာခဲ့တယ်။

သူထွက်ပြီး ခဏကြာလို့ "လား" သေကောင်ကို လှည့်

ကြည့်လိုက်တော့ လင်းတကြီးတွေ ဝိုင်းဝန်း ထိုးဆိတ်ပြီး အသုံ



www.burmeseclassic.com

www.burmeseclassic.com

အယက်စားသောက်နေလို့ "လား" သေကောင်ကိုတောင် မမြင်

တော့ဘူး။ သူ့ရဲ့ရဲဘော်ရဲဘက် တစ်ကောင်တော့ဆုံးရှုံးလိုက်ရပြီ

စိုးအောင်ဟာ အလွန်ကြမ်းတမ်းတဲ့ ခရီးကြမ်းကြီးကို

တစ်ကိုယ်တည်း ခရီးဆက်ရတဲ့အပြင် လားပေါ်ကပစ္စည်းတွေ

သူကိုယ်တိုင် သယ်ပိုးနေရလို့ ပင်ပန်းဆင်းရဲတာအမှန်ပဲ။

သူဟာ ခရီးစထွက်ကာ စတုန်းက စိတ်ဓာတ်ခွန်အား

အပြည့်နဲ့ခရီးဆက်ခဲ့ပေမဲ့ လမ်းခရီးက ကြမ်းတမ်းလွန်းလို့ တော

တွေပေါ်က ချော်ကျတဲ့အခါတိုင်း ဒီခရီးကို သွားတာ မှားပြီလား

လို့တောင်ထင်မိတယ်။

သူရောက်ရာ လမ်းတလျှောက်မှာ ခရီးဖော် လူတ

ယောက်မှမတွေ့တဲ့အတွက် ဘီလေးစိတ်ရှုပေါက်ပြီး ပေးလိုက်

မြေပုံညွှန်းလွဲချော်နေသလားလို့တောင် ထင်မှတ်မှားမိတယ်။

စိုးအောင်ဟာရွှံ့နွံတွေပေါတဲ့အရပ်ကိုရောက်တော့ မြေ





မှာ ဖင်ထိုင်လျက် တဒိုင်းဒိုင်း လဲနေပြန်တယ်။ ဒီလို ချော်လဲတဲ့

အခါတိုင်း ဝန်စည်စားလှယ်တွေနဲ့ ကုန်းရုန်းထရတာ အလွန်ခက်ခဲ

တယ်။

ဒါကြောင့် ဘီလေးဆီပြန်ပြီး "လား" တစ်ကောင် မတောင်း

ခဲ့တာကို နောင်တရမိတယ်။

ဒီအချိန်မှာပဲ အဝေးဆီက တရွေ့ရွေ့လှမ်းလာတဲ့ လူ လေး

ယောက်ကို မြင်လိုက်ရလို့ ဝမ်းသာအားရနဲ့

"ရွှေမှုဆိုးတွေ...."

လို့အော်ဟစ်လိုက်မိတယ်။

ဒီလူတွေ တွင်းသစ်က ရွှေတွေအများကြီး ရလို့ပြန်လာတဲ့

သူတွေ ဖြစ်မယ်လို့ အထင်တကြီး တွေးနေတုန်းလူတွေ အနီးကို

ရောက်လာကြတယ်။

စိုးအောင်ဟာ သူတို့အုပ်စုကို ကြည့်ပြီး စိတ်ဓာတ် ကျသွား



www.burmeseclassic.com

တယ်၊ သူတို့ဟာ ပင်ပန်းဆင်းရဲလွန်းလို့ လူရုပ်တောင် မပေါ်
တော့ဘူး၊ သူတို့ထဲက တစ်ယောက်က စိုးအောင်ကို ကြည့်ပြီ
ခေါင်းခါယမ်းလိုက်ကာ

"မင်းအသက် မသေချင်သေးရင်
နောက်ပြန်လှည့်ပြီး ပြန်ပါကွာ၊ တကယ်တော့
တွင်းသစ်ဆိုတာ အလကားပါကွာ"

လို့အကြံပြုတယ်။

ဒါပေမဲ့ သူဌေး မဖြစ်ရင်မပြန်ဘူးလို့ဆုံးဖြတ်ထား
စိုးအောင်အတွက် နားမဝင်ဘဲ ခရီးကြမ်းကြီးကိုပဲ ဆက်ခဲ့တယ်။



ဒီလိုနဲ့ ဘီလေးရဲ့မြေပုံညွှန်းအတိုင်းခရီးထွက်ခဲ့တာ ၄ ရက်
နေ့ပေမဲ့ရွှေတွင်းနဲ့ပတ်သက်တဲ့အရိပ်အယောင်မမြင်ရသေးဘူး။

ရွှေရှာထွက်တဲ့ ခရီးကကြမ်းတမ်းလွန်းလို့ ဘီလေး ကိုယ်
ိုင် ဘာဖြစ်လို့ မသွားသလဲ ဆိုတာ သူရိပ်စားမိသွားတယ်။

စိုးအောင်ခရီးထွက်ပြီး ၅ရက်မြောက်တဲ့နေ့မှာ ရွှေတွင်းကို
တွေ့ရသေးဘဲ ဘီလေးရဲ့မြေပုံညွှန်းနဲ့လဲလွဲချော်သွားတယ်။

စိုးအောင်ဟာ ရှေ့ခရီးကို မှန်းဆပြီး ထွက်ခဲ့တယ်။ ဒါပေမဲ့

www.burmeseclassic.com



ခရီးလမ်းက ကြမ်းတမ်းလွန်းလို့ တဖြည်းဖြည်း ခွန်အားတွေ ဆုတ်ယုတ်လာတယ်။

သူ့ကိုယ်ပေါ်က ဝန်စည်တွေ လျော့မှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဝန်စည်တွေဆက်ပြီးသယ်နေရင်မကြာမီ မြေပေါ်ကိုလဲကျတော့မယ်။

စိုးအောင်ဟာ ဝန်စည်တွေ လျော့လိုက်လို့ ပင်ပန်း ဒဏ်ကို သက်သာသွားပေမဲ့ အဆုံးအစမရှိတဲ့ မြက်ခင်း ပြင်ကြီး ကြည့်ပြီး တဖြည်းဖြည်း စိတ်ဓါတ်ကျလာတယ်၊ ငါ လမ်းမှား နောက်ကြောင်းပြန်လှည့်ရမယ်လို့တွေးမိတယ်။

ဒါပေမဲ့ သူခရီး မှန်မမှန် တိတိကျကျ မဆုံးဖြတ်နိုင် စိုးအောင်ဟာ အံကို ကြိတ်ပြီး ခရီးကို ဆက်တယ်၊ ဒါပေမဲ့ တဖြည်းဖြည်း ပြုတ်လပ်ပြီး သူ့ခွန်အား တွေ ဆုတ်ယုတ်လာ ရှေ့ဆက်ပြီး ခြေတစ်လှမ်းတောင်မလှမ်းချင်လောက်အောင်

င်းရဲလာတယ်။

သူဟာ ကြီးပွား ချမ်းသာချင်တဲ့ စိတ်ကိုတောင် တစ်ခါ ရဲ့ အပြစ်မြင်လာတယ်။ ဘဝမှာ ရောင့်ရဲတင်းတိမ်မှုမရှိတာကို င်တရမိတယ်။

သူသာဘဝကို ကျေနပ်ရင် အခုလို ပင်ပန်းဆင်းရဲမှာ တ်ဘူး။

စိုးအောင်ဟာ ခရီးဆက်သွားရင်း ညနေ နေဝင်ချိန်ကို တ်လာပြီး ခြေတွေလက်တွေမသယ်နိုင်တော့ဘဲ မြေပေါ်ကိုလဲ ပြီး မေ့မြောသွားတယ်။

သူ သတိရလာတော့ တစ်ကိုယ်လုံး အေးစက်ပြီး ည ောင် လွှမ်းနေတယ်။ သူဟာ အမှောင်ထဲမှာ ကုန်းရုန်းထပြီး ည ၊ ခရီးဆက်ဖို့ပြင်တယ်၊ သူ့မှာ ရိက္ခာ မရှိတော့ဘူး၊ ရှေ့တွင်း ြုန်ရောက်မှ ဖြစ်တော့မယ်။





www.burmeseclassic.com

www.burmeseclassic.com

သူဟာအသားခြောက်တွေကိုအစိမ်းလိုက်ဝါးစားပြီး
ထဲကိုရေနဲ့ မျှောချလိုက်တယ်။

ပြီးတော့ လဲနေရာက ကုန်းထပြီးခရီးဆက်ဖို့ပြင်တယ်

ဒါပေမဲ့ သူခြေထောက်တွေက ခွေယိုင်ပြီး ခွန်အားခဲ့
သလိုခံစားရတယ်၊ သူ ဆက်ပြီးလှဲနေရင် အသက်ဆုံး သွားမှာ
သိနေလို့ အားတင်းပြီး ခရီးဆက်ခဲ့တယ်။

ကောင်းကင်မှာ ဝဲနေတဲ့ လင်းတတွေကို မြင်တိုင်း
သက်လုံး လင်းတစာ မဖြစ်စေရဘူးလို့ စိတ်အားတင်းပြီး
ဆက်ခဲ့တယ်။

သူ့ကိုဘိလေးပေးလိုက်တဲ့မြေပုံကလဲရှေ့ဆက်ပြီး
မရတော့ဘူး၊ သူဟာ ခရီးသွားရင်း မြေပေါ်ကို တဒိုင်းဒိုင်း
ကျတယ်၊ ဒါပေမဲ့ သူအကြိမ်ကြိမ် ပြန်ထပြီး ခရီးဆက်ခဲ့တယ်

ကျောပိုးအိတ်ကို ကျောပေါ်မှာ သယ်ပိုးလို့ ခွန်အား





တော့လို့ တရွတ်တိုက်ဆွဲလာတယ်၊

သူဟာ ပင်ပန်းလွန်းတဲ့ခရီး ကြမ်းကြီးကိုနင်ရင်း ကိုယ့်
ကိုယ်ကိုယ် နောင်တရနေမိတယ်။

ငါဘာလို့ လောဘကြီးရတာလဲ..လောကမှာ သူတစ်ပါး
ဘာလို့ ရောင့်ရဲတင်း တိမ်ပြီးမနေနိုင်ရတာလဲ၊ အခုတော့ အလို
ကြီးအရနည်းတဲ့ဘဝကိုရောက်နေပြီ။

ဒီတောကြီးရဲ့အလယ်မှာ ခွေးသေ ဝက်သေ သေရရင်
ဘ ဆွေမျိုးတွေတောင် ငါ့ အလောင်းကို မြင်တွေ့ခွင့်ရမှာ
ဟုတ်ဘူး။

ငါချစ်တဲ့မစန်းချစ်နဲ့လဲတစ်သက်လုံး ပြန်မဆုံတော့ဘူး..
ဆက်ခဲ့ပါတယ် မစန်းချစ်ရယ်...။

စိုးအောင်ဟာ ဒီလိုတွေးရင်း ရှေ့ဆက်ပြီးသူ့မှာ လမ်း
လမ်းပဲ ကျန်တော့တာခံစားရတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်လမ်းက ဘာပဲဖြစ်ဖြစ် ဆက်သွားပြီး တောထဲ သေဖို့နောက်တလမ်းက ဆက်မသွားဘဲတောထဲမှာအသေခံ စိုးအောင်ဟာ ပထမလမ်းကိုပဲ ရွေးဖို့ ဆုံးဖြတ်လိုက်တယ်။

ယောက်ျားတို့ ဖွဲ့ သေကာမှ လျော့မယ်၊ တုံးတိုက်ထုံ ကျား ကိုက်ကိုက် ရောက်ရာပေါက်ရာကို မရောက်ရောက်အော သွားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

စိုးအောင်ရဲ့ဆုံးဖြတ်ချက်မှန်ကန်သွားတယ်။

နောက်နှစ်ရက်အကြာမှာစိန်ရှူးဝှမ်မြစ်ကမ်းကိုရောက် မြစ်ကမ်းတစ်ဖက်မှာ ရှက်ဖျင်တဲအစုတ်တွေနဲ့ ပြန့်ကျဲ ရွှေမှဆိုး တွေရဲ့တဲအိမ်တွေကိုတွေ့ရတယ်။

ရွှေတွင်းကို ရောက်ပြီဆိုပြီး စိုးအောင် စိတ်လျော့ တော့မြေပေါ်ကိုလဲကျပြီးမေ့မြောသွားတယ်။



နောက်သုံးရက်မြောက်တဲ့ နေ့မှာ စိုးအောင် ပြန်သတိရ တော့ စိုးအောင်တစ်ကိုယ်လုံးမှာ ပတ်တီးတွေ စီးနှောင် ထား ယ်၊ စိုးအောင်ဟာ သတိရရခြင်း ရင်ထဲမှာခြောက်ကပ်လှတဲ့

"ရေ..ရေ ပေးပါ.."

လို့တောင်းဆိုလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com


ဒီအခါမှာအသက်၅၀ဝန်းကျင်ချောမောလှပတဲ့မိန်းမကြီး တစ်ယောက်က စိုးအောင်ကို ရေတစ်ခွက် ယူလာပေးတယ်။

သူမ မျက်နှာမှာ ကရုဏာအရိပ်အငွေ့တွေ မြင်ရတယ်။ မိန်းမကြီးက စိုးအောင်ရဲ့ကိုယ်ကို ဖေးမပေးပြီးရေတစ်ခွက် တိုက်တယ်၊ စိုးအောင်က ညည်းညူပြီးရေကို သောက်ကာ

"ကျုပ် ဘယ်ကိုရောက်နေသလဲ..."

လို့ မေးမြန်းလိုက်တယ်၊ မိန်းမကြီးက

"လူလေး..ရောက်ချင်တဲ့ ရွှေတွင်း ကို ရောက်ပြီလေ၊ ဒီအချိန်ကစပြီး လူလေးဘာမှ မစိုးရိမ်နဲ့တော့။ တကယ်တော့ လူလေးဟာ လမ်းပျောက်ပြီး တောထဲမှာ ဒုက္ခရောက်သွားတာပဲ၊ ရိက္ခာတော်မွတ်ပြီး အသက်မသေတာ သိပ်ကံကောင်းတယ်။ အဒေါ် နာမည် ဒေါ်ရွှေပါ လို့ခေါ်တယ်။ လူလေး အဒေါ်ရဲ့အိမ်ကိုရောက် နေတယ်"

လို့ပြောတယ်။

ဒီတော့မှ စိုးအောင်ဟာ မိမိမြေပုံကြည့်ရင်း လမ်းလွဲပြီး တောထဲမှာ မျက်စိလည် လမ်းမှားသွားတာ သတိပြုမိလိုက်တယ်။ အခုတော့ ဒေါ်ရွှေပါအိမ်ကိုစိုးအောင် ကံကောင်းထောက်မစွာနဲ့ ရောက်ရှိခြင်းဖြစ်တယ်၊

ဒေါ်ရွှေပါဟာ ရွှေတွင်းမှာ ရောက်နေသူတွေအတွက် အသက်ကယ်ဆေးတစ်ပါးဖြစ်တယ်၊ သူမဟာ ရွှေတွင်းမှာ ဒုက္ခရောက်နေသူတွေကိုခေါ်ယူပြီးကယ်မပေးတယ်၊

စိတ်ဓါတ်ကျနေသူတွေကိုလဲ စိတ်ဓာတ်ခွန်အားတွေ ပေးတယ်။

ဒေါ်ရွှေပါဟာ ရွှေတွင်းကို မမျှော်လင့်ဘဲ ရောက်လာသူ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒေါ်ရှုပါရဲ့ခင်ပွန်း ဦးဘဦးဟာ ရွှေတွင်းကို စောင့် ရှောက် [illegible] အင်္ဂလိပ် အစိုးရက စေလွှတ်ထားတဲ့ ပုလိပ် အရာရှိဖြစ်တယ်။

နောက်တော့ ဦးဘဦး ရွှေတွင်းမှာ ဆုံးပါးသွားပြီးတဲ့နော [illegible] ဒေါ်ရှုပါဟာ ရွှေတွင်းက မပြန်တော့ဘဲ ရွှေတွင်းမှာ ဒုက္ခ ရော [illegible] နေသူတွေကို ကူညီစောင့်မပြီးနေခဲ့တယ်။

နောက်တော့ ရွှေတွင်းကို ရောက်နေသူ အားလုံးရဲ့မိ [illegible] သဖွယ်ဖြစ်ခဲ့တယ်။

ဒေါ်ရှုပါဟာ စိုးအောင် ကိုယ်ပေါ်က ဒဏ်ရာတွေကို [illegible] ပတ်တိတိ ဆေးကုသပေးခဲ့တယ်။

စိုးအောင်ဟာ တစ်ပတ်ပြည့်တဲ့အခါ ပြန်လည်ပြီး ထူ [illegible] ထောင်ထောင်ဖြစ်လာတယ်။ စိုးအောင်ဟာ ဒေါ်ရှုပါကို ကျေး [illegible] တင်လွန်းလို့

"အဒေါ်ကျေးဇူးကို ကျုပ် တစ်သက် မမေ့ပါဘူး၊ လောလောဆယ်တော့ အဒေါ် ကို ကျုပ် ကျေးဇူး ပြန်မဆပ်နိုင်သေးဘူး၊ တစ်နေ့ ကျုပ်ရွှေတွေအများ ကြီးရခဲ့ရင် အဒေါ်ကို ကျေးဇူးပြန်ဆပ်ပါမယ်"

လို့ပြောလိုက်တယ်။

ဒေါ်ရှုပါဟာ မျှော်လင့်ချက်တွေ ပြည့်လျှံနေတဲ့ မျက်လုံး တောက်တောက် လူငယ်လေးကို ကြည့်ပြီး

"ဒီလူငယ်လေး ထူးခြားတယ်"

လို့မှတ်ချက်ချလိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်ဟာ ကျန်းမာရေး ကောင်းမွန်လာတဲ့အတွက် ရွာထဲကို သွားပြီး ရွှေတူးခွင့်ကတ်ပြားလုပ်ရတယ်။

ရွှေတူးခွင့်ကတ်ပြားမှာစိုးအောင်ဓာတ်ပုံကပ်ပြီး ရွှေတူးဖော်သူဖြစ်ကြောင်း ထောက်ခံချက်ပါတယ်။

ရွှေတောမှာအစိုးရနဲ့ငြိစွန်းတဲ့ပြဿနာဖြစ်ရင် ရွှေတူးခွင့်



ကတ်ပြားတွေ စစ်တယ်၊ ကတ်ပြားမပြနိုင်ရင် ဖမ်းဆီးအရေးယူနိုင်တယ်။ စိုးအောင်ဟာ ကတ်ပြားရတော့ ရွာထဲကို လှည့်ကြည့်တယ်။

ရွာလမ်းများက ဖုန်ထူပြီး လားတွေ၊ ဘိန်းစားတွေ၊ ရွှေသမားတွေနဲ့ပြည့်နေတယ်။

ရွာထဲမှာ ယာယီတဲတိုး ပြီးဖွင့်ထားတဲ့ စားသောက်ဆိုင် ကြီးတွေမှာ အရက်နဲ့ဘိန်းကို ရနိုင်တယ်။

စိုးအောင်ဟာ စားသောက်ဆိုင်ကြီး တစ်ဆိုင်ထဲကို ဝင်ခဲ့တယ်၊ ဆိုင်ထဲမှာ ဒီနေ့ ရွှေတော်တော် များများရလိုက်လို့ ပျော် ရွှင်နေတဲ့ အညာသား တစ်ယောက်ကို တွေ့ရတယ်။

အညာသားက ဆိုင်ထဲက လူတွေ အားလုံးကို အရက်အလကားတိုက်မယ်လို့ အော်ဟစ် ပြောဆိုနေတယ်။

စိုးအောင် ဟာ ဆိုင်ထဲမှာ ထိုင်ရင်း ရွှေမှုဆိုးတွေရဲ့စကား ကို



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ နားစွင့်ကြည့်တယ်။ ရွှေမှုဆိုးအားလုံးရဲ့အတွေ့အကြုံ တွေအားလုံး တစ်ယောက်နဲ့တစ်ယောက် ဆင်တူကြ တယ်။

သူတို့ဟာ နေ့စဉ်ရက်ဆက် ချောင်းစပ်ကနေ ရွှေတွေကို ကျင်ယူကြတယ်။

BURMESE CLASSIC

အချို့လည်းချောင်းစပ်က မြေကြီးတွေကို ရေအားနဲ့ ထိုးချပြီးရွှေတွေကို ကျင်ယူကြတယ်။

ဒါပေမဲ့ ဒီလို ရွှေမှုန် ရွှေမွှားလေးတွေကို ကျင်ယူရုံနဲ့ ဘယ်တော့မှ မချမ်းသာနိုင် ဘူးဆိုတာ စိုးအောင် ယုံကြည်တယ်။

ဒါပေမဲ့ ရွှေတူးသမားတွေကတော့ ရွှေမှုန်ရွှေမွှားလေးတွေရယုံနဲ့ကျေနပ်နေပုံရတယ်။

ရွှေမှုဆိုးတွေထဲမှာ လူနှစ်မျိုး ကွဲပြားနေတယ်၊ တစ်မျိုးက အကောင်းမြင်စိတ်နဲ့ တစ်နေ့ ရွှေကြောတွေ့နိုးနိုးနဲ့ ကျင်ယူနေကြတယ်။

နောက်တစ်မျိုးက မကောင်းမြင်စိတ်နဲ့ ရွှေတွင်းက စိတ်ပျက်လက်လျှော့ ပြီးပြန်ဖို့ကြိုးစားကြတယ်။

စိုးအောင်ဟာ ရွှေတူး သမားတွေရဲ့စကားကို နားစွင့်ရင်း အတွေ့အကြုံများပုံရတဲ့ လူတစ် ယောက်ကို ချဉ်းကပ်ပြီး ဘီလေးပေးလိုက်တဲ့ မြေပုံကို ပြကြည့်တယ်။ ဒီလူက စိုးအောင်ရဲ့မြေပုံကို ကြည့်ပြီးခေါင်းခါယမ်းလိုက်ပြီး

"အမလေး...ဒီနေရာမှာ လူတိုင်းရှာပြီး ပြီကွ၊ ရွှေမှုန်ရွှေမွှားလောက်ပဲ ကျင်ယူလို့ရတယ်၊ ကံကောင်းတဲ့သူတွေဆိုရင် ရွှေကိုကျင်ယူစရာ မလိုဘူး၊ တူးယူနေကြတာ၊ တစ်ခါက လူတစ် ယောက်ဆိုရင် ရွှေကို အုတ်ခဲတုံးလောက်နီးနီး ရတယ်၊ ရွှေတောထဲမှာ ရွှေမတူးဘဲ မျောတွင်း တွေမှာ မြေတူး မြေသယ်အလုပ်သမား ဝင်လုပ်





www.burmeseclassic.com

www.burmeseclassic.com

ရင်လဲ ဝင်ငွေကောင်းတယ်ကွ၊ ဘယ်လုပ်ငန်း လုပ်မလဲဆိုတာ ကိုယ့်ဘာသာ ရွေးပေးတော့” လို့ပြောလိုက်တယ်။

စိုးအောင်ဟာ ရွှေတူးသမားရဲ့စကားကိုမယုံဘူး။ ဘီလေးရဲ့မြေပုံကိုယုံကြည်နေတုန်းပဲ။ အိမ်ကိုရောက်ပြီး ညစာစားတဲ့အခါ ဒီအကြောင်းကိုဒေါ်ရှုပါကိုပြောပြတယ်။

ဒေါ်ရှုပါက စိုးအောင်ကို အလွန်မှတ်သားဖို့ ကောင်းတဲ့ စကားကို ပြောတယ်။

ဒေါ်ရှုပါက

“ဒီမှာ ..လူလေး..၊ရွှေဟာ နှစ်ကာလ ဘယ်လောက်ပဲကြာပါစေ၊ရွှေရဲ့ တောက်ပတဲ့ အဝါရောင် မမှိန်နိုင်တဲ့အပြင် ဈေးလဲမတက်ဘူး၊ ဒါကြောင့် ရွှေကိုလူတွေ မက်မောကြတယ်၊





ရွှေကိုရတဲ့နည်းနဲ့ ယူဖို့ကြိုးစားကြတယ်၊ ရွှေရှာတဲ့နေရာမှာ ကျင်ယူတဲ့ နည်းနဲ့ တူးဖော်နည်း ဆိုပြီးနှစ်မျိုးရှိတယ်၊ ဒါတွေဟာ သမားရိုးကျ နည်းတွေပါ၊ လူလေးတို့ဟာသမားရိုးကျရွှေ သမားမဟုတ်တော့ဘူး၊ ရွှေမှုဆိုးဖြစ်နေပြီ၊ ရွှေမှုဆိုးတွေဟာ ရွှေရဖို့အတွက် ကံကြမ္မာကို အလောင်းအစားလုပ်ရတယ်၊ ကံကြမ္မာဟာ သိပ်ထူးဆန်းတယ်၊ ပုံသေကားချပ်မှတ်လို့ မရဘူး။ ဒါကြောင့်လူလေးရဲ့ကံကြမ္မာကို အလောင်းအစား လုပ်ကြည့်ပါ၊ သူတစ်ပါးပြောတဲ့စကားကို ဟိုစကား ဟုတ်နိုးနိုး ဒီစကား ဟုတ်နိုးနိုးနဲ့ လျှောက်မရှာပါနဲ့”

လို့ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

စိုးအောင်ဟာ ဘီလေးရဲ့မြေပုံကိုကြည့်ပြီး တစ်ညလုံးအ
လို့မပျော်ဘူး။ ဘီလေးရဲ့မြေပုံကိုယုံစားပြီးရွှေရှာထွက် သင့်မထွက်
သင့်စဉ်းစားနေမိတယ်။

နောက်ဆုံးတော့ သူရဲ့ကျေးဇူးရှင် ဒေါ်ရှုပါရဲ့စကားကို နား
ထောင်ပြီးကံကြမ္မာကိုအလောင်းအစားလုပ်ဖို့ဆုံးဖြတ်လိုက်တယ်။

စိုးအောင်ဟာ နောက်တစ်နေ့မှာ ဒေါ်ရှုပါကို နှုတ်ဆက်ပြီး
တစ်ကိုယ်တော် ရွှေရှာ ခရီးထွက်ခဲ့တယ်။

သူဟာ ရွှေရှာမယ်လို့သာဆိုတယ်၊ သူ့တစ်သက်မှာ ရွှေ
ဆိုလို့ မိန်းမတွေရဲ့ ကိုယ်မှာ ဆင်ယင်ထားတဲ့ ဆွဲကြိုးနဲ့လက်
ကောက်တွေပဲ မြင်တွေ့ဖူးတယ်၊ သူကိုယ်တိုင်

သူဟာမြစ်ချောင်း၊ အင်းအိုင်တွေထဲမှာဇကာလေးနဲ့စစ်ပြီး
ရွှေမှုန်လေးတွေ ရှာဖို့ မစဉ်းစားဘူး၊ ဒီအရပ်မှာ ရွှေအင်မတန်ပေါ
တယ်လို့ သတင်းကြားဖူးတဲ့အတွက် ရွှေတွေကို မြေစိုင် မြေခဲ





ကြားထဲမှာ အတုံးလိုက်အခဲလိုက် ရှာချင်တယ်။

သူဟာ ချောင်းနံဘေး အတိုင်းခရီးဆက်သွားတယ်၊
နောက်တော့ သူရဲ့စိတ်အာရုံထဲမှာ ရွှေရှိမယ်ထင်တဲ့နေရာကို
တင်ပြီး တူးဆွခဲ့တယ်။

သူဟာ တစ်နေ့ကုန် ပင်ပင်ပန်းပန်း တူးဖော်နေခဲ့တယ်၊
ပေမဲ့ ရွှေတိုရွှေစလေးတွေရဲ့အရိပ်အယောင်ကိုတောင် မမြင်
ဘူး။

စိုးအောင်ဟာ သူတူးဖော်တဲ့နေရာမှာ တစ်ပတ်တိတိ
ပြည့်နဲ့တူးဖော်ပေမဲ့ရွှေတိုရွှေစလေးတောင်ရှာမရတဲ့အတွက်
တူးဖော်တဲ့နေရာကို စွန့်လွှတ်ခဲ့တယ်။

စိုးအောင်ဟာ မြစ်ကမ်းအတိုင်းနေရာတွေ ရွှေ့ပြောင်း
ဘူရှင်းကို လက်က မပြောက်နိုင်တဲ့အထိ မြေတွေကို တူးဖော်
ကြည့်တယ်။

www.burmeseclassic.com

ဒါပေမဲ့ တစ်ပတ်ပြည့်တဲ့အထိ ရွှေတိုရွှေစလေးထော

မတွေ့ရလို့ စိတ်ပျက်ပြီးမြစ်အထက်ပိုင်းကို တက်ပြီးတူးကြ

ပြန်တယ်။

ဒါပေမဲ့ ထူးမခြားနားတဲ့ အခြေအနေဘဲ ဖြစ်နေတ

စိုးအောင်ဟာ စိတ်ဓာတ်အလွန်ပြင်းထန်သူဖြစ်ပေမဲ့ ရွှေတွင်

လက်လျှော့ချင် စိတ်ပေါက်လာတယ်။

တစ်နေ့နံနက်မှာ စိုးအောင်ဟာ ရွှေရှာချင်စိတ်တောင်

နေတော့လို့ ရွက်ဖျင်တဲထဲမှာခွေခွေလေးလှဲ နေတယ်။

သူဟာလှဲနေရင်းရွှေတွင်းနဲ့ပတ်သက်ပြီးတွေးနေမိတယ်။

ကြည့်စမ်းပါဦး၊ တောကြီး မြက်မည်းထဲမှာ ငါတစ်ယောက်

ည်း အထီးကျန် အဖော်မဲ့ ဖြစ်နေပြီ၊ ငါလူတွေနဲ့ မတွေ့တာ ရက်

ပိုင်းများစွာ ကြာနေပြီ။

မြနှင်းဆီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါလို လူလောကမှာ ဘယ်သူရှိမလဲ၊ မိဘတွေနဲ့ အေ

အေးဆေးဆေး လယ်လုပ်နေရင် ဘယ်လောက်ကောင်းမလဲ

လောဘကြီးပြီး မဟားတရား ချမ်းသာချင်နေတော့ အ

ရောက်ပြီပေါ့။

နောက်အပတ် သောကြာနေ့အထိ ဆက်တူးလို့ ရွှေ

မတွေ့ရင် ငါရဲ့ အရူးအိပ်မက်ကို လက်လျော့ပြီး အိမ်ပြန်မယ်

တော့မှ မစန်းချစ်နဲ့ လက်ထပ်ဖို့ ကြိုးစားမယ်။

စိုးအောင်ဟာ တွေးရင်း စိတ်ရှုပေါက်သလို ဖြစ်လာ

ရွက်ဖျင်တဲထဲက ထွက်လိုက်တယ်၊ ပြီးတော့ ကောင်းကင်ကို

ကြည့်ပြီး လက်သီးလက်မောင်းတန်းကာ

"ဟေ့…ကံကြမ္မာ ဆိုတဲ့ကောင်ကြီး၊ ငါ့

ကိုဘာလို့ဒီလောက်ရက်စက်ရတာလဲ၊ ဒီလောက်

ကြိုးစားနေတာ နည်းနည်းပါးပါးတော့ အသိ



အမှတ်ပြုဦးမှပေါ့ကွ…ခင်ဗျားကြီး ဒီလိုပဲမသိကျိုး

ကျွန်ပြုနေဦးမှာလား…ဒီလောက် ပဲရက်စက်ရ

သလားဗျာ…"

စိုးအောင်ဟာ အရူးတစ်ယောက်လို ကံကြမ္မာကို အပြစ်

ပြီး ရွှေမှာ မြင်ရတဲ့ ကျောက်ခဲတစ်လုံးကို ခြေထောက်နဲ့ ဒေါသ

ကြီး ဆောင့်ကန်လိုက်တယ်။

ဒီအခါမှာ ကျောက်ခဲဟာ ခပ်လှမ်းလှမ်းက မြေစိုင်ခဲကို

းထိပြီး မြေစိုင်ခဲတွေ ဖွာခနဲ လွင့်ထွက်သွားတယ်။

စိုးအောင်ဟာ ကျောက်ခဲကို ဆောင့်ကန်ပြီး ဒေါသကို

တ်မထိန်းနိုင်သေးဘဲ မြေစိုင်ခဲတွေကို ခြေနဲ့တချက်ပြီး တစ်ချက်

တ်ကန်နေတယ်။

သူဟာ မောတဲ့ အခါကျမှ မြေပေါ်ကို ခြေပစ်လက်ပစ်

င်ချလိုက်တယ်၊ လောကမှာ ကြိုးစားမှုရဲ့ နောက်ကွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်မှုရှိတယ်လို့ ပညာရှိတွေက ဆိုကြတယ်၊ ပညာရှိတွေ စကားမှားယွင်းနေပြီလား၊ စိုးအောင်ဟာ..

"အလကား စကားတွေ၊ လူလိမ် လူညာတွေ"

ဆိုပြီးပညာရှိတွေကို အကြောင်းမဲ့ စော်ကားလိုက်ပြန်တယ်။

ဒီအချိန်မှာပဲ စိုးအောင်ရဲ့ ခပ်လှမ်းလှမ်းက မြေစိုင်ခဲတွေထဲမှာ အရောင် လက်ခနဲမြင်လိုက်တယ်။

စိုးအောင်ဟာ မျက်မှောင်ကြုတ်ပြီးအရောင် လက်သွားတဲ့နေရာကို ကြည့်တယ်။

သူရူးများသွားသလား..မျက်စိများ ပျက်သွားပြီလား..စိုးအောင်ဟာ အရောင်လက်နေတဲ့ မြေစိုင်ခဲရှိရာကို ပြေးသွားပြီး မြေစိုင်ခဲကို ထိုးနှိုက်လိုက်တယ်။





ဒီအခါမှာ မြေစိုင်ခဲထဲက အဝါရောင် အတုံးလေးတစ်တုံး ပါလာတယ်၊ စိုးအောင်ဟာ အဝါရောင်အတုံးလေးကို မျက်လုံးမမှိတ်မတတ်ကြည့်ပြီး

"ဟာ..ရွှေ..ရွှေ မန်ကျည်းတောင့်လေးပါလား..ဟား..ဟား..ဟား.. ရွှေမန်ကျည်းတောင့်တွေ့ပြီ၊ ရွှေမန် ကျည်းတောင့်တွေ့ပြီ.. ငါချမ်းသာပြီ.."

စိုးအောင်ဟာ အားရဝမ်းသာနဲ့ မြေစိုင်ခဲတွေကြားမှာ ရှာကြည့်တဲ့အခါ နောက်ထပ်ထပ်တူးတော့ ရွှေတုံးရွှေခဲလေးတွေ တစ်တုံးပြီးတစ်တုံး ဆက်တွေ့ရတယ်။

စိုးအောင်တွေ့ရတဲ့ ရွှေတုံးလေးတွေဟာ ရွှေမှုဆိုးတွေ တစ်ခါတစ်ရံ ရှားရှားပါးပါးရတတ်တဲ့ ရွှေမန်ကျည်းတောင့်လို့ ခေါ်တွင်စားခေါ်ဝေါ်တဲ့ရွှေတုံးလေးတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်ဟာ ဝမ်းသာလွန်းလို့ အရူးတစ်ယောက်လိုယောင်နေပြီ။

အော်ဟစ်ပြီး ရွှေမန်ကျည်းတောင့်တွေကို ဆက်တူးတယ်။ သူ့မှာ စည်းစိမ်ချမ်းသာတွေ ပြည့်စုံနေပြီဖြစ်တဲ့အတွက်

စိုးအောင် တူးလိုက်တိုင်း ရွှေတုံးလေးတွေ ဆက်ပြီး [illegible]နန်းချစ်ကို မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ပြီးတော့

နေတယ်၊ စိုးအောင်ဟာ သူ ချမ်းသာပြီဆိုတာ ရိပ်စားမိသွားတယ်[illegible]ကိုခေါ်သွားမယ် ဆိုပြီးစိတ်ကူးတွေယဉ်နေမိတယ်။

နောက်ရက်တွေအထိ ဆက်တူးကြည့်တော့ ရွှေတုံးလေး[illegible] စိုးအောင်ဟာ ရွှေတွေထည့်ထားတဲ့ အိတ်ကြီးကို ထမ်း

တွေရနေဆဲပဲ။ ဒါပေမဲ့ တဖြည်းဖြည်း ရွှေတွေရတာ နည်းနည်း[illegible]ရွာကိုပြန်လာခဲ့တယ်၊

သွားတယ်။ ရွှေတွင်းမှာ ရွှေသမားတစ်ယောက် သားရေအိတ်ထမ်း

နောက်တစ်ပတ်တိတိ ဆက်တူးတော့ရွှေတွေကုန် သွား[illegible]တဲ့မြင်ကွင်းဟာ မထူးဆန်းတဲ့အတွက်ရွှေတွေရလာပြီဆိုတာ

တယ်။ စိုးအောင် ရဲ့အိတ်ထဲမှာတော့ ရွှေတွေ အိတ်တစ်လုံး[illegible]ယ်သူမှ မရိပ်စားမိဘူး။

အပြည့်ရလိုက်တယ်။ စိုးအောင်ဟာ သူ့ရွှေမန်ကျည်းတောင့်တွေကို သေချာစေ

စိုးအောင်ဟာ ရွှေတွေကို ရွက်ဖျင် တဲထဲမှာ တစ်ညလုံး[illegible]င်လို့ရွာထဲကရွှေကုန်သည်တစ်ယောက်ရဲ့ဆိုင်ထဲကိုဝင်ခဲ့တယ်၊

တရှုံ့ရှုံ့နမ်းပြီး နောက်နေ့မှာ ရွှေတွင်းက ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ ရွာထဲမှာ ရွှေကုန်သည်တွေရှိပြီးတော့ သူတို့စားပွဲပေါ်မှာ

သူ့မျက်လုံးထဲမှာ ဝမ်းသာအားရ ကြိုဆိုနေတဲ့ မစန်းချစ် မျက်နှာ[illegible]ရှိန်နေတဲ့ ချိန်ခွင်လေးတွေရှိတယ်။





www.burmeseclassic.com

www.burmeseclassic.com



ရွှေကုန်သည်လူဝကြီးက စိုးအောင် လက်ထဲက ရွှေမ
ကျည်းတောင့်လေးကို ကြည့်ပြီး

"ရွှေအရည်အသွေး သိပ်ကောင်း
တယ်၊ ဒါနဲ့ တစ်တုံးထဲ ရလာသလား"

လို့စပ်စုလိုက်တယ်။ စိုးအောင်က ခပ်ပြုံးပြုံးနဲ့

"ဆိုပါတော့ဗျာ"

လို့ပြောပြီးရွာထဲကရွှေမှတ်ပုံတင်ရတဲ့ရုံးခန်းလေးကိုသွားပြီ

"ရွှေမှတ်ပုံတင်ချင်လို့ပါ"

လို့ဆိုလိုက်တော့ အိပ်ငိုက်နေတဲ့ မှတ်ပုံတင်စာရေး
အထင်မကြီးတဲ့ အမူအရာနဲ့

"ဘယ်လောက်များ ရလို့လဲကွာ"

လို့ဆိုလိုက်တော့ စိုးအောင်က သူလက်ဝါးပေါ်က ရွှေမန်
ကျည်းတောင့်လေးကို ဖြန့်ပြတယ်၊ စာရေးက





"ရွှေမန်ကျည်းတောင့် ရလာတာကို"

လို့အံ့သြဟန်နဲ့ ရေရွတ်ပြီး

"တစ်တောင့်ထဲလား"

လို့မေးလိုက်ပြန်တယ်။ စိုးအောင်က သားရေအိတ်ကို
ားပွဲပေါ်ပစ်ချလိုက်ပြီး

"တစ်အိတ်လုံးပဲ"

လို့ဆိုလိုက်တော့ မှတ်ပုံတင်စာရေးဟာ အံ့သြလွန်းလို့
မေ့မြောလုမတတ်ဖြစ်သွားတယ်။

စိုးအောင်ဟာ ရွှေမန်ကျည်းတောင့်တွေကို သူ့နဲ့ဘီလေး
နှစ်ယောက် နံမည်နဲ့ မှတ်ပုံတင်ခဲ့တယ်။

ဒီအချိန်ကစပြီး ဆင်းရဲသား နင်းပြား စိုးအောင်တစ်
ယောက် သူဌေးသူကြွယ်ဘဝ ရောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

စိုးအောင်ဟာ သူ့ရဲ့ကျေးဇူးရှင် ဒေါ်ရှုပါဆီကို အရင်ဆုံး ရောက်အောင်သွားတယ်၊ ဒေါ်ရှုပါက စိုးအောင် ရွှေတွင်းက လက် လျှော့ပြီးပြန်လာတယ် ထင်လို့ ကရုဏာ သက်ဟန်နဲ့ ကြည့်ပြီး

"စိတ်မပျက်ပါနဲ့ လူလေးရယ်.. ရွှေ တွင်းမှာ ကံမကောင်းပေမဲ့ ဘဝမှာ အခွင့်အရေး တွေ အများကြီးရနိုင်ပါသေးတယ်"

လို့အားပေးစကား ပြောတယ်။





ဒီအခါမှာ စိုးအောင်ကသားရေအိတ်ထဲက ရွှေမန်ကျည်း တောင့်တစ်တောင့်ကို ဒေါ်ရှုပါ လက်ထဲကို ထိုးထည့်ပြီး

"အဒေါ်ကို ကျေးဇူးဆပ်တာပါ၊ ယူပါ အဒေါ်ရယ်..ကျုပ်ရွှေမန်ကျည်းတောင့်တွေအများ ကြီး ရလာတယ်ဗျ၊ ဟောဒီမှာ ကြည့်ပါဗျာ.."

လို့ဆိုလိုက်တယ်။

ဒေါ်ရှုပါဟာ ရွှေတုံးရွှေခဲလေးတွေကိုတအံ့တသြကြည့်ရင်း

"လူလေးကံက ထူးဆန်းလိုက်တာ ကွယ်၊ လူလေးကြွယ်ဝ ချမ်းသာတာမြင်လို့ အဒေါ် ဝမ်းသာပါတယ်၊ ဒါပေမဲ့ လူလေးပေးတဲ့ ရွှေတွေကို အဒေါ် မယူပါရစေနဲ့၊ အဒေါ် ကျေးဇူး ပြုပေးတဲ့သူတွေဆီကကျေးဇူးတုန့်ပြန်တာကိုဘယ် တော့မှ လက်မခံဘူးလို့သစ္စာဆိုထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

လို့ပြောပြီးစိုးအောင် ပေးတဲ့ ရွှေမန်ကျည်းတောင့် တွေ

လက်မခံဘူး။

စိုးအောင်ဟာ ခဏကြာတော့ ရွာထဲကို ထွက်သွားပြ

အကြီးဆုံးစားသောက်ဆိုင်ကိုဝင်ပြီးဆိုင်ရှင်ကိုလက်ယပ်ခေါ်

"ဒီနေ့ ဆိုင်ကို လာစားသမျှ လူတွေ
အားလုံး ကို ကျုပ်တကာ ခံမယ်"

လို့ပြောလိုက်တယ်၊ ခဏကြာတော့စိုးအောင်အနီးကိုရွှေ

မှဆိုးတွေ ဝိုင်းလာပြီးဝမ်းမြောက်ဝမ်းသာ ရှီးမြှောက်ကြတယ်

စိုးအောင် ရွှေမန်ကျည်းတောင့်ရတဲ့နေရာကိုသေသေချာချာ မေ

မြန်းကြတယ်။

မကြာမီဒီနေရာမှာရွှေတွေအများကြီးရတယ်ဆိုပြီးရွှေမှဆိုး

တွေ စုပြုံတိုးကြဦးမှာ သေချာတယ်။



စိုးအောင်ဟာ အပြန်လမ်းမှာ ရွှေမှဆိုး အများစုရဲ့အကြံ

ပေးချက်အတိုင်းလား၃ကောင်ဝယ်ပြီးသူ့အတွက်လက်နက်ကိုင်

အစောင့်အရှောက် ငှားရမ်းပြီးပြန်ခဲ့တယ်။ အပြန်လမ်းမှာ လား

တွေကို တစ်ကောင်ပြီးတစ်ကောင် ပြောင်းစီးပြီး သက်သောင့်

သက်သာ ပြန်ရတယ်၊ သူ့အတွက် အသွားခရီးနဲ့ အပြန်ခရီး


www.burmeseclassic.com

www.burmeseclassic.com


ကွာခြားချက်ကြီးလွှန်းတယ်။ အသွားတုန်းက ဆင်းရဲသား
သွားရတယ်။ အပြန်ကျတော့ လူချမ်းသာလို ပြန်ရတယ်။ ဒါဟာ
ငွေကြေးရဲ့တန်ခိုးကြောင့်ပါပဲ.. စိုးအောင်ဟာ မစန်းချစ်ရှိတဲ့ ရွာ
အမြန်ဆုံးပြန်ချင်နေမိတယ်။

ရွှေတွေ အများကြီး ရလာလို့ ဘီလေးကိုယ်တိုင် ဝမ်းသာ
အားရ ဖြစ်ပြီး သူ့တူမနဲ့ ပေးစား လေမလားလို့တောင် စိတ်ကူး
ယဉ်မိတယ်။

စိုးအောင် မစန်းချစ်တို့ရွာကိုပြန်ရောက်တော့ တစ်ရွာလုံး
က ရွှေသမားတွေဟာ စိုးအောင်ကို အထင်တကြီးနဲ့ ဝိုင်းဝန်း
ကြည့်ရှုနေကြတယ်။

ရွှေသမားအချင်းချင်း ရွှေကြောတွေ့လာသူကိုကြည့်ပြီး
စိတ်အားတက်ကြွနေပုံရတယ်။

သူတို့ရဲ့ရှေ့ဆက်ရမဲ့ ခရီးအတွက် ခွန်အားတွေ မွေး



ရတယ်။ စိုးအောင်ဟာ မစန်းချစ်နဲ့ ပြန်ဆုံရတော့မယ်ဆိုပြီး
စိတ်လှုပ်ရှားနေမိတယ်။

စိုးအောင်ဟာ ဘီလေးရဲ့ ရွှေမုဆိုး အပေါင်ဆိုင်ရှေ့
ရောက်တော့ ဆိုင်ထဲက ထွက်လာတဲ့ ဘီလေးကို အရင်ဆုံးတွေ့
တယ်။ ဘီလေးက စိုးအောင်ကိုမြင်တာနဲ့ စိတ်လှုပ်ရှားပြီး

"မင်းပြန်လာပြီပေါ့၊ မင်း သတင်းတွေ
ကို ငါ ကြားပြီးပြီဟေ့....ကြားရတာ အားရ စရာ
ချည်းပဲဟေ့...ဒါနဲ့အပြင်မှာလူတွေပြော သလောက်မှ
ဟုတ်ရဲ့လား၊ ရွှေမန်ကျည်းတောင့်တွေ တော်
တော် များများမှရလိုက်ရဲ့လား"

လို့မေးမြန်းတယ်၊ စိုးအောင်က ဝမ်းသာအားရနဲ့

"သိပ်ရတာပေါ့ ဦးလေးရယ်"

လို့ဆိုပြီး ရွှေမန်ကျည်းတောင့်တွေ ထည့်လာတဲ့ သားရေ


www.burmeseclassic.com

www.burmeseclassic.com

အိတ်ကြီးကို ဖွင့်ပြလိုက်တယ်။

ဘီလေးဟာ သားရေအိတ်ထဲက ရွှေမန်ကျည်းတော

တွေကိုကြည့်ပြီး ပါးစပ်အဟောင်းသားနဲ့

"ဟာ..ရွှေမန်ကျည်းတောင်တွေမနည်းပါလား၊

မင်းတော်တယ်ဟေ့ ချီးကျူးပါတယ်ကွာ"

လို့ဆိုပြီး ရွှေထည့်ထားတဲ့ သားရေအိတ်ကို မီးခံသေ

ထဲကိုအလျင်အမြန် သိမ်းဆည်းလိုက်တယ်၊

ဒီအချိန်မှာပဲ ဆိုင်ရှေ့ကို လားဆွဲလှည်းတစ်စီး ရော

လာပြီး လှည်းပေါ်မှာ လိုက်ပါလာတဲ့ မစန်းချစ်ဟာ စိုးအောင်

မမျှော်လင့်ဘဲတွေလိုက်ရလို့ အံ့သြဟန်နဲ့ ပါးစပ် အဟောင်း

ဖြစ်သွားတယ်၊

စိုးအောင်လဲသူချစ်သူကိုမြင်လိုက်ရလို့ရင်ထဲမှာ လှိုက်

ဖြစ်သွားတယ်၊





ဒါပေမဲ့သူတို့နှစ်ယောက်ဟာဘီလေးရှေ့မှာမို့ဟန်ဆောင်

ဆောင်နှုတ်ဆော လိုက်ကြတယ်။

ခဏကြာတော့ ဘီလေးက

"စိုးအောင် မင်းခဏ အနားယူဦးကွ၊

ရွာထဲကငါမိတ်ဆွေတွေဆီခဏ သွားလိုက်ဦးမယ်"

လို့ပြောပြီးရွာထဲကို ထွက်ခွာသွားတယ်။

ဘီလေး အိမ်က ထွက်ပြီး မျက်စိရှေ့က ပျောက်တာနဲ့

အောင်ဟာ မစန်းချစ်ကို သိုင်းဖက်လိုက်ပြီး

"ကျုပ်တို့ ကံကောင်းလို့ ပြန်ဆုံကြ

တာနော်၊ အခုတော့ တို့နှစ်ယောက် ဘဝမှာ ဘာ

လိုသေးလဲ၊ စည်းစိမ်ဥစ္စာတွေလဲရှိနေပြီ ဆိုဟော့

မစန်းချစ်ကို ဦးလေးဆီမှာ မိသားဖသားပီပီ

တောင်းရမ်းပြီး လက်ထပ်ရမယ်"


www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တော့ မစန်းချစ်ဟာ ဝမ်းသာဟန် မပြဘဲ စိုးအောင်ရဲ့ခန္ဓာကိုယ်ကို လွှတ်ထွက်သွားမဲ့ အလား တင်းတင်းကြပ်ကြပ်ပွေ့ဖက်ထားတယ်။ စိုးအောင်က မစန်းချစ်ကိုပွေ့ဖက်ရင်း အံ့ဩဟန်နဲ့

"ဘယ်လိုဖြစ်နေတာလဲ မစန်းချစ်ရယ်... ကျုပ်တို့ပျော်ရမဲ့အချိန်မှာ မစန်းချစ် မပျော်ဘူးလား"

လို့မေးမြန်းလိုက်တယ်။

မစန်းချစ်က စိုးအောင်ရင်ခွင်ထဲက ရုန်းထွက်လိုက်တယ်။ စိုးအောင်က

"ဘာဖြစ်လို့လဲ မစန်းချစ်၊ ဘာစိတ်ညစ်စရာရှိလို့လဲ၊ ကျုပ်တို့မှာ ငွေ ရှိနေပြီလေ၊ ဘယ်လို ပြဿနာမျိုးမဆို ငွေနဲ့ ရှင်းလိုက် ရင်





အရာရာ အဆင်ပြေသွားမှာပါ"

လို့ပြောတယ်၊ ဒါပေမဲ့ မစန်းချစ်က

"ကျွန်မတို့ ပေါင်းရဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ရှင်ရမဲ့ ဝေစုတစ်ဝက်ကို ယူပြီး ဒီအရပ်က အမြန်ဆုံး ထွက်ခွာသွားပါ၊ ရှင်ဒီအရပ်ကို ဘယ်တော့မှ ပြန်မလာပါနဲ့"

လို့ပြောတယ်။ စိုးအောင်က မစန်းချစ်ကို နားမလည်နိုင်တော့

"ဘယ်လိုဖြစ်တာလဲ မစန်းချစ် ရယ်... ကျုပ်တို့ ဒီလောက်တောင် ဖြစ်ခဲ့ပြီးမှ မစန်းချစ် က ကျုပ် မိန်းမဖြစ်နေပြီလေ၊ မစန်းချစ်ကို ကျုပ် တာဝန်ယူပါရစေ"

လို့ဆိုလိုက်တော့ မစန်းချစ်က ခေါင်းခါယမ်းလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

" ရှင်ဘယ်တော့မှ တာဝန်ယူလို့ရမှာ မဟုတ်ဘူး၊ ဘီလေးကခွင့်ပြုမှာ မဟုတ်ဘူး"

လို့ဆိုတော့ စိုးအောင်က အံကို ကြိတ်ပြီး

"ဦးလေးက ဘာလို့ခွင့်မပြုရမှာလဲ၊ သူ သဘောတူအောင် ငွေ ဘယ်လောက် ကုန် ကုန် တောင်းရမ်းယူမယ်ဗျာ"

လို့ဆိုလိုက်တော့ မစန်းချစ်က ရင်နင့်ကြေကွဲဟန် ခေါင်းခါယမ်းပြီး

"ငွေဘယ်လောက်ပေးပေး ဒီလူကြီး ကရှင့်ကိုကျွန်မနဲ့သဘောတူမှာမဟုတ်ဘူး"

လို့ဆိုလိုက်တော့ စိုးအောင်ကနားမလည်ဟန်နဲ့

"ဘာဖြစ်လို့လဲဗျာ၊ ကျုပ်မှာ မိန်းမ တစ်ယောက်ကို ချမ်းသာကြွယ်ဝအောင် ထား





နိုင်တဲ့အရည်အချင်းရှိနေပါပြီ"

လို့ဆိုလိုက်တော့ မစန်းချစ်က ခေါင်းခါလိုက်ပြီး

"ရှင့်မှာ စည်းစိမ်ဥစ္စာတွေ ဘယ်လောက်ရှိရှိ ဒီလူကြီးက ကျွန်မကိုရှင်နဲ့လက်ထပ်ခွင့်ပြုမှာမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့...."

လို့ဆိုပြီး မစန်းချစ်က တအင့်အင့် ရှိုက်ငိုနေတယ်၊ စိုးအောင်က စိတ်လှုပ်ရှားဟန်နဲ့

"ဘာဖြစ်လို့သဘောမတူမှာလဲ၊ ပြောစမ်းပါမစန်းချစ်ရယ်..."

လို့အလောတကြီး မေးမြန်းတယ်၊ မစန်းချစ်က အံကို တင်းတင်းကြိတ်ပြီး

"ဒီလူကြီးဟာ ကျွန်မကို မတရား သိမ်းပိုက်ထားလို့ပဲ၊ တကယ်တော့ ဒီလူကြီး



www.burmeseclassic.com

www.burmeseclassic.com

ဟာ ကျွန်မရဲ့ပထွေးတော်တယ်။ သူဟာ ကျွန်မ အမေ ရှိစဉ် ကျွန်မ အသက် ၁၅ နှစ်အရွယ် ကတည်းက ကျွန်မကို အကြိမ်ကြိမ် မုဒိန်းကျင့်ခဲ့တယ်။ အမေလဲ ကျွန်မကို ဘာမှလုပ်မပေးနိုင်ဘူး၊ နောက်ဆုံး အမေလဲဒီစိတ်နဲ့ပဲ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်သွားတယ်၊ အမေဆုံးပါးသွားတော့တဏှာရူးကြီးက ကျွန်မကို ဆက်သိမ်းပိုက်ခဲ့တယ်၊ သူဟာအများရှေ့မှာတော့ ကျွန်မကို တူမလို့ အသိအမှတ်ပြုပြီး ကွယ်ရာမှာ မယားအဖြစ် သိမ်းပိုက်ခဲ့တယ်။ ရှင့်ကို ကျွန်မ ဘဝအမှန်ကို မပြောပြမိတာ ခွင့်လွှတ်ပါ။ ရှင့်ကိုတော့ ကျွန်မ တကယ်ချစ်မိတာပါ”

လို့ပြောတယ်။





စိုးအောင်ဟာ မစန်းချစ်ရဲ့အဖြစ်ဆိုးကြောင့် ရင်ထဲမှာ နာကျင်ကြေကွဲသွားတယ်၊

လူယုတ်မာကြီးဟာမစန်းချစ်ရဲ့ဘဝကို တစ်စစီဖျက်ဆီးသွားခဲ့တယ်။ မစန်းချစ်ကိုသူခွင့်လွှတ်ရတော့မှလား......။

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ ဘီလေးရွာထဲကရုတ်တရက် ပြန်ရောက်လာလို့ မစန်းချစ်က မျက်ရည်တွေကို ကပျာကယာ သုတ်လိုက်တယ်။ ဘီလေး က သူတို့နှစ်ယောက်ကိုကြည့်ပြီး

"မင်းတို့ စကားကောင်းနေတယ် မှတ်တယ်၊ ရွာထဲက ငါ့မိတ်ဆွေ ရွှေမုဆိုးတွေက မင်းရဲ့အတွေ့အကြုံတွေကို အားကျပြီး မေးခွန်း





ထုတ်ချင်လို့တဲ့ကွာ၊ ငါ့ကို အပူကပ်နေတယ်၊ မင်းကတော့ သူရဲကောင်းဖြစ်နေပြီ၊ ငါနဲ့ ခဏလိုက်ခဲ့ပါဦး"

လို့ဆိုလိုက်တော့ စိုးအောင်ဟာ မစန်းချစ်နဲ့ စကားဆုံးအောင် မပြောနိုင်တော့ဘဲ ဘီလေးနဲ့ ရွာထဲကို လိုက်သွားရပြန်တယ်။

ဘီလေးဟာ စိုးအောင်ကို ပက်လက်မြင်းလှည်းလေးနဲ့ ခေါ်သွားတယ်။ ရွာမြင်စမ်းချောင်းလေးကိုရောက်တော့ဘီလေးက လှည်းပေါ်ကဆင်းခိုင်းပြီး

"ကဲ....မင်းလဲပင်ပန်းပြီးပြန်လာတယ်ဆိုတော့ပင်ပန်းရကျိုးနပ်အောင်မင်းရမဲ့ဝေစုကို ခွဲပေးရမယ်"

လို့ပြောတော့ စိုးအောင်ဟာ ရွှေမန်ကျည်းတောင့်တွေကို



www.burmeseclassic.com

www.burmeseclassic.com

မြင်ပြီးစိတ်လှုပ်ရှားသွားတယ်။

ဘီလေးက ပိုက်ဆံအိတ်ကို ဖွင့်ပြီး ငွေစက္ကူတွေကို ထု

တ်ပြီး

"ဟောဒီမှာ မင်းအတွက် လုပ်အားခ"

ဆိုပြီး ငွေ ၆၀ ကျပ်ကိုပေးလိုက်တယ်၊ စိုးအောင်က

ဘီလေးရဲ့စကားကြောင့် ရယ်မောလိုက်ပြီး

"ဒီအချိန်ရောက်မှ ကျုပ်ကိုလုပ်အားခ

ပေးမနေပါနဲ့ဗျာ၊ မယူတော့ပါဘူး၊ ကျုပ် လောဘ

သိပ်ကြီးသလို ဖြစ်နေလိမ့် မယ်"

လို့ဆိုလိုက်တော့ ဘီလေးက စိုးအောင်ကို ကြည့်ရင်း

"မင်းရဲ့လုပ်အားခကို မယူဘူးဆို ရင်

ဒီလောက်ဝေးတဲ့ ခရီးကို သက်စွန့်ဆံဖျားသွား

ရတာ ဘာအကျိုးအမြတ်မှ မရှိသလို ဖြစ်နေမှာ





ပေါ့"

လို့ပြောတယ်၊ စိုးအောင်က မျက်မှောင်ကြုတ်ပြီး

"ရွှေမန်ကျည်းတောင့်တွေက အကျိုး

အမြတ်ပေါ့ဗျာ၊ ဒီနေ့ရှာလာတဲ့ ရွှေတွေရဲ့တစ်

ဝက်ဆိုတာ နည်းမှမနည်းတာ"

လို့ဆိုလိုက်တော့ ဘီလေးက ခေါင်းခါယမ်းပြီး

"ရွှေတွေရဲ့တစ်ဝက်ဟုတ်လား၊ ရွှေတွေ

နဲ့မင်းနဲ့ ဘာဆိုင်လို့လဲ၊ ရွှေတွေက ငါ့ရွှေတွေပဲ"

လို့ဆိုလိုက်တော့စိုးအောင်ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး

"ခင်ဗျား...ရွှေ ဟုတ်လား...ကျုပ်တို့

စာချုပ်ချုပ်ထားတာ မေ့နေပြီလား"

လို့ဆိုလိုက်တော့ ဘီလေးက ရယ်မောပြီး

"စာချုပ်ချုပ်ထားလို့ ပြောတာပေါ့၊


www.burmeseclassic.com

www.burmeseclassic.com

စာချုပ်ထဲက စည်းကမ်းတွေမင်း သေသေချာချာ ဖတ်မကြည့်ဘူးလား၊ စာချုပ်ထဲမှာ မင်းက ငါရဲ့ အခစား အလုပ်သမားလို့ပဲပါတယ်၊ ရွှေတွေစပ်တူ ခွဲယူရမယ်လို့ လုံးဝမပါဘူး၊ မယုံရင် ရွှေတွင်းမှာ အင်္ဂလိပ်စာတတ်တဲ့သူတွေ အများကြီးရှိတယ်၊ လိုက်ဖတ်ခိုင်းကြည့်ပါလား"

လို့ပြောတယ်။

စိုးအောင်ဟာ ဘီလေး စကားကြောင့် သူ အလိမ်ညာ

လိုက်ရပြီဆိုတာ ရိပ်စားမိသွားတယ်။

ဒေါသအိုးလဲပေါက်ကွဲ ထွက်သွားတယ်။ စာချုပ်ချုပ်

တုန်းက ဘယ်လို စည်းကမ်းတွေပါ သလဲလို့မေးတော့ ဘီလေ

ကိုယ်တိုင်စာချုပ်ထဲမှာ ရွှေတွေရလာရင် တစ်ယောက်တစ်ဝက်

ပိုင်ဆိုင်ကြောင်း ချုပ်ဆိုထားတယ်လို့ပြောဆိုခဲ့တယ်။





ယခု ရွှေမန်ကျည်းတောင့်တွေရပါမှ ဘီလေး တစ်ဦးတည်း သာပိုင်ဆိုင်ပြီး မိမိက အခစား အလုပ်သမား ဖြစ်ရတယ်။

စိုးအောင်ဟာ ဒေါသကိုမထိန်းနိုင်အောင် ပေါက်ကွဲသွားပြီး

"တောက်...ခင်ဗျားကြီး ကောက်ကျစ်ယုတ်မာလှချည်လား၊ ရွှေတွေကို တစ်ယောက်တည်း မောင်ပိုင်စီးတော့မယ်ပေါ့..."

လို့ဆိုလိုက်တော့ ဘီလေးက မျက်နှာတည်တည်နဲ့

"မင်းနဲ့ငါ အဖက်လုပ်ပြီး ငြင်းမနေချင်တော့ဘူး၊ ဒီမှာ...မင်းကို စာချုပ်ထဲကထက် ၂ဆ ပိုပေးမယ်၊ ငါ့ဘက်က ဒီထက် ပိုပြီးမပေးနိုင်တော့ဘူး၊ မင်း မကျေနပ်ရင် တရားဥပဒေအတိုင်း လုပ်ချင်တာ လုပ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com

လို့ဆိုတော့ စိုးအောင်ဟာ ဒေါသဖြစ်လွန်းလို့ တဆတ်ဆတ် တုန်ယင်လာပြီး

"ဘာ..ခင်ဗျားကြီး ဒီလိုမတရား လုပ်လို့ ရပါ့မလား..ကျုပ် အသက်နဲ့ရင်းပြီး ရှာလာတဲ့ ရွှေတွေရဲ့တစ်ဝက်ကို ရမှ ကျုပ်ကျေနပ်မယ်"

လို့ပြောလိုက်တယ်၊ ဘီလေးက

"ဒါဆိုရင်တော့ မင်းရဲ့လုပ်ခကို ယူပြီး ငါ့ရှေ့က အမြန်ကြွပေတော့၊ ဟဲဟဲ.... မင်းငါ့ကို အတိုက်အခံလုပ်မယ် ဆိုရင်တော့ ရှေ့နေငှားဖို့ ပိုက်ဆံရှာထားပေတော့ ဒီနယ်တဝိုက်က အစိုးရ အရာရှိတွေ အားလုံးကိုငါပိုင်တယ်ကွ"

လို့ဆိုတော့ စိုးအောင်ဟာ လူယုတ်မာကြီးကို စိတ်မထိန်းနိုင်တော့ဘဲ ရှေ့ကို တစ်လှမ်းတိုးပြီး တိုက်ခိုက်ရန် ပြင်လိုက်တယ်





ဒီအချိန်မှာ ဘီလေးက ခါးကြားက သေနတ်ကို ဆွဲထုတ်ပြီး

"ဟား.ဟား.. ဒီလို မိုက်ရူးရဲလုပ်လို့ ဘယ်ဖြစ်ပါ့မလဲကွာ၊ ကျည်ဆံက မင်းထက် မြန်တယ်၊ ငရဲပြည်ရောက်သွားမယ် ဘာမှတ်သလဲ၊ မင်းလက်နှစ်ဖက်ကို မြှောက်ပြီး ငါ့ရှေ့က ထွက်သွားစမ်း၊ သွားလေကွာ"

လို့ဆိုပြီး စိုးအောင်ကို သူ့ရှေ့က မောင်းထုတ်တယ်၊ စိုးအောင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး

"ရွှေတွေမရရင် ခင်ဗျားကြီးကို ကျုပ် မရရအောင် လက်စားချေမယ်၊ ခင်ဗျားကြီး ထမင်းဝဝ စားထားပေတော့"

လို့ကြုံးဝါးလိုက်တော့ ဘီလေးဟာ တဟား.ဟား..ဟား..


www.burmeseclassic.com

www.burmeseclassic.com

ရယ်မောလိုက်ပြီးမြင်းလှည်းကိုဒုန်းစိုင်းထွက်သွားတယ်။ စိုးအော
ဟာစမ်းချောင်းလေးနံဘေးမှာဒူးထောက်လျက်လဲကျသွားတ
စိုးအောင်ဟာမြေကြီးကိုလက်သီးနဲ့နာနာကြည်းကြည်းထိုးလိုက်

"ငါ့ဘဝရဲ့ အပြောင်းအလဲက တစ်

နေ့ရွှေတစ်နေ့ငွေဖြစ်နေပါလား၊ လူယုတ်မာကြီး

ဘီလေးဟာ ငါ့ဘဝ တစ်ခုလုံး ကပြောင်းကပြန်

ဖြစ်အောင်လုပ်ခဲ့တယ်၊ ငါချစ်တဲ့မစန်းချစ်ရဲ့ဘဝ

ကို ဖျက်ဆီးပြီး မတရားသိမ်းပိုက်ခဲ့တယ်၊ ငါ

အသက်နဲ့ရင်းပြီး ရှာခဲ့တဲ့ ရွှေတွေကိုလဲ လိမ်ညာ

လှည့်စားပြီး သိမ်းပိုက်ခဲ့ တယ်၊ ဒီလူကြီးကြောင့်

ငါ့ဘဝရဲ့ အကြီးဆုံး ရည်မှန်းချက်တွေ ပျက်စီး

သွားရတယ်၊ ဒီလူကြီးကို မရရအောင် ပြန်ပြီး

လက်စားချေမယ်"





လို့ကြုံးဝါးလိုက်တယ်၊ ဒါပေမဲ့ ဘီလေးဟာ ဒီဒေသမှာ
ဩဇာ အရှိဆုံး ပုဂ္ဂိုလ် ဖြစ်နေတယ်။

သူ့မှာ စည်းစိမ်ဥစ္စာတွေနဲ့လဲ ပြည့်စုံတယ်၊ သူ့လိုလူကို
ယ်လိုလက်စားချေရပါ့မလဲ...။

စိုးအောင်ဟာခေါင်းထဲမှာရှုပ်ထွေးနေတဲ့အတွက် လူတွေ
ကြားထဲကို မဝင်ဘဲ ရွာပြင်က ရွှေတူးသမားတွေ စွန့်ပစ် ထားတဲ့
ဲပျက်ကြီးမှာ တစ်ကိုယ်တည်းနေခဲ့တယ်။

သူဟာ ရွာမှာကျန်ရစ်ခဲ့တဲ့ အမေနဲ့အစ်မ နှစ်ယောက်ရဲ့
နောင်ရေးကိုတွေးပြီး ဘီလေးကို ပိုစိတ်နာသွားတယ်။

ရွှေတွေသာရရင် သူ့မိသားစုကြွယ်ဝချမ်းသာမှာ သေချာ
ယ်၊ ဒီလို တွေးရင်း မေးစနဲ့ အိပ်ပျော်သွားပြီး တဲပျက်ကြီး
နောက်က မသင်္ကာဖွယ် အသံတွေကြောင့် လန့်နိုးလာတယ်။

စိုးအောင်က


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ"

လို့ အသံပြုလိုက်တော့ သူနောက်ကလူရိပ်တွေ ပေါ်လာ

ပြီးခေါင်းကိုတုတ်နဲ့အရိုက်ခံရလို့မြင်ကွင်းထဲမှာအမှောင်

သွားတယ်။

စိုးအောင် သတိရလာတော့ ခန္ဓာကိုယ်တစ်ခုလုံးအထိ

နိုင်လောက်အောင် နာကျင်နေတယ်၊ နာလွန်းလို့ ကိုယ်

တစ်ခုလုံး က အရိုးအဆစ်တွေ ကျိုးကြေနေပြီလို့ ထင်ရတယ်။

သူ့ကို အလစ် အငိုက်ဖမ်းပြီး ဘယ်သူရိုက်နှက်သွားသ

မသိဘူး၊ လူယုတ်မာကြီး ဘီလေးရဲ့လက်ချက်လို့ ထင်မိတယ်

စိုးအောင်ဟာ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ ကြည့်လိုက်

တော့ ရွှေမှုဆိုးတွေရဲ့တဲပျက်ကြီးမှာပဲ ရှိနေသေးတယ်။

သူ့ကို ရိုက်နှက်သွားတဲ့လူတွေဟာ သူ့ကို အားရအော

ရိုက်ပြီးတော့ ထွက်ခွာသွားပုံရတယ်။



စိုးအောင်ဟာ ကိုယ်ခန္ဓာက နာကျင်နေသေးလို့ တဲပျက်

ကြီးထဲမှာဆက်ပြီးနေရတယ်။

သူဟာ အတန်ကြာအောင် အနားယူနေပြီးနောက် တဲ

ပြင်က မြင်းလှည်းသံ ကြားရလို့ ကြည့်လိုက်တော့ ဘီလေးကို

တွေ့လိုက်ရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

စိုးအောင်ဟာ ဘီလေးကို မြင်တာနဲ့ သွေးတွေ ဆူပွက်သွားပြီး ထိုင်ရာက ကုန်းထကာ

"ခင်ဗျားကြီးရောက်လာပြန်ပြီ၊ လူမိုက်ငှားပြီးရိုက်ခိုင်းတာ ယောကျ်ား ကောင်းအလုပ်လား၊ ခင်ဗျားကြီး ထဘီ ဝတ်ထားပါလား"

လို့ပြောလိုက်တယ်။ ဘီလေးက

"ငါ့ကို ဒီလောက် အထင်မသေးပါနဲ့ကွာ၊ ငါဘယ်တော့မှယောကျ်ားချင်း နောက်ကျောကို ဓားနဲ့မထိုးဘူး၊ မင်းနဲ့ ညှိနှိုင်းချင်လို့ ပြန်လာတာကွ၊ ငါမင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်"

လို့ပြောတော့ စိုးအောင်က မျက်မှောင်ကြုတ်လိုက်ပြီး

"ခင်ဗျားကြီး ဘာအကောက်ကြံဦး





မလို့လဲ"

လို့ မယုံသင်္ကာဟန်နဲ့ မေးလိုက်တယ်။ ဘီလေးက အောင်မျက်နှာကိုစူးစိုက်ကြည့်ပြီး

"မင်းရဲ့ဝေစု ရွှေမန်ကျည်းတောင့်တွေကို ပြန်မလိုချင်ဘူးလား"

လို့ပြောလိုက်တော့ စိုးအောင်က မျက်မှောင်ကြုတ်ပြီး

"လိုချင်တာပေါ့ဗျ၊ ရွှေတွေကို ကျုပ်အသက်နဲ့ရင်းပြီး ခက်ခက်ခဲခဲ ရှာခဲ့ရတာပဲ"

လို့ပြောလိုက်တော့ ဘီလေးက

"ဒါကိုတွေးမိပြီး ကိုယ်ချင်းစာလို့ ရွှေတွေအတွက် မင်းဆီကို တစ်ခေါက် ပြန်လာခဲ့တာပေါ့၊ မင်းကိုအလစ်အငိုက်ဖမ်းပြီးရိုက်နက်တဲ့ကောင်တွေက ငါနဲ့ ဘာမှ မဆိုင်ဘူး၊ သူတို့က


www.burmeseclassic.com

www.burmeseclassic.com


မင်းဆီမှ ရွှေတွေရှိမယ်ထင်လို့ ရိုက်တာဖြစ်မယ်၊ ဒါကိုတော့ ယုံပါ"

လို့ပြောတယ်၊ စိုးအောင်က သက်ပြင်းချလိုက်ပြီး

"ကောင်းပြီ၊ခင်ဗျားဘာတွေအကောက်ကြံဦးမှာလဲ"

လို့မေးမြန်းလိုက်တယ်။ ဘီလေးက ရယ်မောလိုက်ပြီး

"မင်းကတော့ငါ့ကို တစ်သက်လုံး အကောင်း မြင်တော့မှာ မဟုတ်ဘူး။ မင်းရဲ့ဝေစုတွေကို ပြန်လိုချင်ရင် ငါခိုင်းတာကို လုပ်ရမယ်"

လို့ဆိုလိုက်တော့ စိုးအောင်က စိတ်လှုပ်ရှားစွာနဲ့

"ဘာလုပ်ရမှာလဲ"

လို့မေးလိုက်တယ်၊ ဘီလေးက

"တကယ်တော့ မင်းမှာ အပြစ်ရှိလို့ ငါခိုင်းတာကို လုပ်ရတာပဲ"

လို့ဆိုလိုက်တော့ စိုးအောင်က မျက်မှောင်ကြုတ်ပြီး

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ"

လို့မေးမြန်းလိုက်တယ်။ ဘီလေးက စိုးအောင်ကို မျက်လုံးမေးစင်းကြည့်လိုက်ပြီး

"မင်းနဲ့ ငါ့မိန်းမ ဖောက်ပြန်တဲ့ အပြစ်လေ"

လို့ဆိုလိုက်တော့ စိုးအောင်မျက်နှာကွက်ခနဲပျက်သွားပြီး

"ခင်ဗျား ဘာတွေပြောနေတာလဲ ကျုပ် နားမလည်ဘူး၊ ခင်ဗျားမိန်းမဆိုတာ ဘယ်သူလဲ"

လို့ဆိုလိုက်တော့ ဘီလေးက တဟားဟား ရယ်မောလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com


"ဟားဟားဟား…မင်းကိုယ်မင်းလည်း လှပြီ ထင်နေသလား၊ မင်းနဲ့ ငါ့ မိန်းမ မစန်းချစ် ဖောက်ပြန်နေတာမသိ ဘူးအောက်မေ့လို့လား"

လို့ဆိုလိုက်တော့စိုးအောင်ရင်ထဲမှာမလုံမလဲဖြစ်သွားပြီး

"ဘာ…မစန်းချစ်ကခင်ဗျားမိန်းမဟုတ် လား၊ ကျုပ်ကို မိတ်ဆက်ပေးတုန်းက ဘာဖြစ်လို့ အမှန်အတိုင်းမပြောရတာလဲ"

လို့ဆိုလိုက်တော့ ဘီလေးက

"အမေသေလို့ သမီးကို တိတ်တိတ် ပုန်းယူထားတာ ပတ်ဝန်းကျင် တစ်ခုလုံး သိ အောင် လျှောက်ပြောနေရမှာလားကွ၊ ငါအရူး မဟုတ်ဘူး"

လို့ဆိုတော့ စိုးအောင်က အံကိုကြိတ်ပြီး



"ဒီအကြောင်းတွေကို ကျုပ်လုံးဝ မသိ ဘူး၊ မစန်းချစ်ကလဲကျုပ်ကိုဖုံးကွယ်ထားခဲ့ တယ်၊ ဒီလိုဖြစ်တာ ကျုပ်အပြစ်လား"

လို့ဆိုလိုက်တော့ ဘီလေးက အံကိုကြိတ်ပြီး

"ဒီကောင်မက သူနဲ့ ဖောက်ပြန်တဲ့ လင်ငယ်တိုင်းကိုငါ့အကြောင်းလျှို့ဝှက်ထားတာ ထုံးစံပဲကွ၊ ဒီကောင်မကိုမင်း ဘယ်လိုထင်လို့လဲ၊ မင်းကလွဲရင် ဘယ်သူ နဲ့မှ မဖောက်ပြန်ဘူးလို့ ထင်နေလို့လား၊ မင်းနဲ့ဖောက်ပြန်တဲ့ဇာတ်လမ်း ကို ငါ ကျိန်းသေပြောရဲတယ်၊ သူ့ဘက်က စပြီး ရေလာမြောင်းပေးလုပ်တာမဟုတ်လား၊ဒီကောင်မ ဟာ တဏှာရာဂနဲ့ပတ်သက်ရင်ဘယ်တော့မှ ရောင့်ရဲတင်းတိမ်မှု မရှိဘူးကွ"


www.burmeseclassic.com

www.burmeseclassic.com

လို့ဆိုလိုက်တော့ စိုးအောင်ဟာ မစန်းချစ်နဲ့ ပတ်သက်တဲ့ မကြားဝံ့စရာကိစ္စတွေကို နားမထောင်တော့ဘဲ

"တော်ပါတော့ဗျာ... ခင်ဗျား ဘာဖြစ်ချင်တာလဲ ကျုပ်ကိုပြောပါ"

လို့ဆိုလိုက်တော့ ဘီလေးက လေသံတိုးတိုးနဲ့

"သူဖောက်ပြန်နေတာကိုငါသည်းမခံနိုင်တော့ဘူးကွာ...သူ သိပ်ရက်စက်တယ်၊ ငါရှိရက်သားနဲ့ လူတိုင်းနဲ့ဖောက်ပြန်နေတယ်၊ သူ့ကို ငါ အလိုပြည့်အောင်ဖြည့်ပေးရက်သားနဲ့ သူ ဘာလို့ ဒီလောက်လုပ်ရက်တာလဲကွာ၊ ဒီဒဏ်တွေကို ငါ မခံနိုင်တော့ဘူး၊ သူ့ကို ငါသတ်မှ ဖြစ်တော့မယ်၊ သူက ငါစိတ်ဆင်းရဲတာကို ကြည့်ပြီး သဘောကျနေတာကွ၊ ငါ့ကို အနုနည်း





နဲ့နှိပ်စက်နေတာ၊ ဒါပေမဲ့ သူဟာ ငါရဲ့မိသားစုဝင်ပဲ၊ ငါချစ်တဲ့မိန်းမပဲ၊ သူ့ရဲ့နောက်ဆုံးထွက်သက်ကို ငါဘယ်လို ကြည့်ရက်ပါ့မလဲကွာ.. ဒါကြောင့် မင်းကိုငါ အကူအညီ တောင်းချင်တယ်"

လို့ဆိုလိုက်တော့ စိုးအောင်က အံကိုကြိတ်ပြီး

"ခင်ဗျားတော်တော်တစ်ကိုယ်ကောင်းဆန်တဲ့သူပဲ၊ ကျုပ်က ရွှေတွေကို ပြန်လိုချင်ရင် မစန်းချစ်ကိုသတ်ပေးရမယ်ပေါ့"

လို့ဒေါသတကြီး ပြောဆိုတယ်၊ ဘီလေးက သက်ပြင်း ချပြီး

"မင်းဟာ သွေးအေးပြီး လုပ်ရဲကိုင်ရဲတဲ့ လူတစ်ယောက်ဆိုတာ ငါ ယုံကြည်တယ်၊ နောက်ပြီး မင်းဟာ ဒီအရပ်ကမဟုတ်ဘူး၊


www.burmeseclassic.com

www.burmeseclassic.com

ကိစ္စပြီးတာနဲ့ ကိုယ်ယောင်ဖျောက်ပြီးထွက်သွား

လို့ရတယ်၊ မင်းရွှေမန်ကျည်းတောင့်တွေ ပြန်လို

ချင်ရင်ဒီလောက်တော့စွန့်စားရမှာပေါ့ မင်းစဉ်းစား

ပေါ့ကွာ"

လို့ပြောတယ်။ စိုးအောင်ဟာ သူ့အသက်နဲ့ ရင်းပြီး

ဖွေလာ ရတဲ့ ရွှေတွေကို သေလုမျောပါး ပြန်လိုချင်ပေမဲ့ သူချစ်

မစန်းချစ်ကိုသတ်ပြီးမှပြန်ရမယ်ဆိုတာလက်မခံနိုင်ဘူး။ ဘီလေး

အဆိုအရ မစန်းချစ်ဟာ ရွှေတွင်းမှာရှိတဲ့လူတကာနဲ့ ဖောက်ပြန်

တယ်လို့ ဆိုတယ်၊ ဘီလေး စကားတွေ အမှန်ပဲလား.. မစန်းချ

သူ့ရင်ကို ခွဲတော့မှာလား။



စိုးအောင်ဟာ ခဏကြာအောင်စဉ်းစားပြီး မစန်းချစ်ရဲ့

အသက်အန္တရာယ်ကိုကာကွယ်ဖို့နဲ့ ရွှေမန်ကျည်းတောင့်တွေပြန်

ရဖို့အတွက် ဘီလေးနဲ့ ပူးပေါင်းဟန်ဆောင်ဖို့ ဆုံးဖြတ်လိုက်တယ်။

စိုးအောင်က

"ကျုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဒါပေမဲ့ ခင်ဗျားရဲ့အကူအညီ

အများကြီးလိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တော့ ဘီလေးက ဝမ်းသာအားရနဲ့

"သိပ်ရတာပေါ့ကွာ၊ မင်းကိုငါ့အိမ်မှာ ခေါ်ပြီး ငါ့မိန်းမကို လုပ်ကြံနိုင်းမှာကွ၊ ဒီကောင်မကို လုပ်ကြံဖို့ မင်းကို တစ်လ အချိန်ပေးမယ်၊ ဒီကောင်မကို လုပ်ကြံပြီး ဒီအရပ်က မင်းထွက်ပြေးရင်ရွှေတွင်းကလူတွေကမင်းတို့နှစ်ယောက် အနေနီးလို့ ငြိစွန်းပြီးပြဲသနာတက်လို့ လုပ်ကြံပြေးတယ်လို့ ယူဆကြမယ်"

လို့ပြောတော့ စိုးအောင်က သက်ပြင်းချလိုက်ပြီး

"ကျုပ်ကိုကြိုးစင်ပေါ်ကို တန်းတက်ရအောင် ခင်ဗျား စီစဉ်ထားတာပဲ၊ ကျုပ်ရဲ့ ရွှေတွေကိုခင်ဗျား ဘယ်တော့ပြန်ပေးမှာလဲ"

လို့မေးမြန်းလိုက်တော့ ဘီလေးက

"ဒီကောင်မ အသက်ထွက်တာနဲ့ မင်းဝေစု ရွှေတွေကို ပေးမယ်၊ စိတ်မပူ ပါနဲ့၊ ဒါပေမဲ့ ပိပိရိရိလုပ်ဖို့တော့လိုတယ် နော်၊ တစ်ကွက်မှားသွားတာနဲ့ မင်းနဲ့ငါနှစ်ယောက်စလုံးကြိုးစင်ပေါ် ရောက်သွားမယ်"

လို့ပြောတယ်၊ စိုးအောင်က မျက်မှောင်ကြုတ်ပြီး

"သူ့ကို အယုံသွင်းဖို့အတွက် သူနဲ့ ကျုပ်ရင်းရင်းနှီးနှီးနေဖို့လိုတယ်၊ ဒါကိုခင်ဗျားနားလည်မှုရှိဖို့ လိုတယ်၊ သဝန် မတိုရဘူး၊ ခင်ဗျားမိန်းမကို လုပ်ကြံပြီးရင်တော့ ကျုပ် ဝေစု ရွှေတွေကို ချက်ချင်းလိုချင်တယ်"

လို့ပြောတော့ ဘီလေးက

"ငါကတိပေးပါတယ်ကွာ၊ မင်းတာဝန်





www.burmeseclassic.com

www.burmeseclassic.com

ကိုသာ ကျေအောင် ကြိုးစားပါ"

လို့ဆိုပြီး သူတို့နှစ်ယောက် အိမ်ကို ပြန်ခဲ့တယ်။

လမ်းခရီးမှာ နှစ်ယောက်စလုံး အတွေးကိုယ်စီနဲ့ တိ ဆိတ်ငြိမ်သက်နေတယ်၊ အိမ်ကိုရောက်ကာနီးမှာ ဘီလေးက

"ရွှေတွေကိုမှတ်ပုံတင်ထားတဲ့ အတွက်

တိတိကျကျ ခွဲလို့ရအောင် တစ်လလောက်

အချိန်ယူရမယ်လို့ သတင်းလွှင့်ထားလိုက်မယ်"

လို့ပြောလိုက်တယ်။ အိမ်ကိုပြန်ရောက်တော့ ဘီလေး မစန်းချစ်ကို

"စိုးအောင်ငါတို့ရွာမှာတစ်လ လောက်

ကြာဦးမယ်ဟေ့၊ သူ အတွက် လိုအပ်တာတွေ

စီစဉ်ပေးလိုက်ဦး"

လို့ပြောတော့ မစန်းချစ်က စိုးအောင်ကို တစ်ချက်





က်တယ်။ ဘီလေးက စိုးအောင်ကို အဓိပ္ပာယ်ပါပါကြည့်ပြီး

"စိုးအောင် ငါတို့ အိမ်ထဲမှာ အိပ်ရင်

စိတ်ကျဉ်းကြပ်နေပါမယ်၊ ဒါကြောင့် လွတ်လွတ်

လပ်လပ်နေလို့ရအောင် အိမ်အနောက်က

မြင်းတင်းကုတ်အပေါ်ထပ်မှာ နေရာချထားပေး

လိုက်"

လို့ဆိုလိုက်တယ်။ ဒီအခါမှာမစန်းချစ်ကစိုးအောင်ကိုသူမ နောက်က လိုက်ခဲ့ဖို့ ပြောပြီး အိမ်အနောက်ကမြင်းတင်းကုတ် ပေါ်ထပ်ကို ခေါ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ချုံကြီးတစ်ချုံရဲ့နံဘေးမှာထိုင်ရင်း စိုးအောင်က
မစန်းချစ်ကိုဘီလေးရဲ့အကောက်ကြံပုံတွေကိုပြောပြလိုက်တယ်။
စိုးအောင်စကားဆုံးတော့ မစန်းချစ်က အံကိုကြိတ်ပြီး

"ဒီလူကြီး ကျွန်မကို ဒီလောက် မုန်း
တီးနေတာ ကျွန်မ မသိဘူး၊ သူဟာ ကျွန်မရဲ့
အရုက်နဲ့ဂုဏ်သိက္ခာကိုလဲ ပက်ပက်စက်စက်
နင်းခြေ ဖျက်ဆီးသေးတယ်၊ ကျွန်မကိုလဲ ရွံရှာ
မုန်းတီးနေသေးတယ်"

လို့ဆိုလိုက်တော့ စိုးအောင်က

"ကျုပ်အသက်နဲ့ရင်းပြီး ရှာခဲ့တဲ့ ရွှေ
တွေကိုလဲ မတရားသိမ်းပိုက်ထားခဲ့တာပဲ"

လို့ဆိုလိုက်တော့ မစန်းချစ်က

"သူ ဒီလောက် ယုတ်မာကောက်



နောက်တစ်နေ့မှာ စိုးအောင်နဲ့ မစန်းချစ်ဟာ ပက်လ...
မြင်းလှည်းလေးနဲ့ ဘီလေးရဲ့ အပေါင်ဆိုင်က ထွက်ခဲ့တ...

သူတို့နှစ်ယောက် ရဲ့နေထိုင်ပုံကို ရွှေတွင်းက လူ...
ကြည့်ပြီး စကားတင်းဆိုကြတယ်၊ သူတို့နှစ်ယောက်ဟာ ရွာပြ...
လူရှင်းတဲ့စမ်းချောင်းဘက်ကို သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျစ်မယ်လို့မထင်ခဲ့ဘူး၊ ကျွန်မ ထင်တယ်၊ ရှင် သူနိုင်းတဲ့ အတိုင်း ကျွန်မကို လုပ်ကြံခဲ့ရင်လဲ ရှင့်ကို ရွှေတွေပေးမှာ မဟုတ်ဘူး၊ ရှင့်ကိုလူမိုက်တွေငှားပြီး လုပ်ကြံနိုင်းမှာပဲ"

လို့ဆိုလိုက်တော့ စိုးအောင်က

"ကျုပ်လဲ ဒီလိုပဲထင်တယ်၊ ဘီလေးလို လူယုတ်မာကြီးဆီက တရားမျှတမှုကို ဘယ်တော့မှရမှာမဟုတ်ဘူး၊ မစန်းချစ် ဒီလူကြီးလက်ထဲက ထွက်ပြေးဖို့ ကြိုးစားပါလား"

လို့ဆိုလိုက်တော့ မစန်းချစ်က ခေါင်းခါယမ်းလိုက်ပြီး

"မဖြစ်နိုင်ပါဘူးရှင်…ဒီကထွက်ပြေးဖို့ ကျွန်မမှာ ပိုက်ဆံ ခြူးတစ်ပြားမှ မရှိဘူး၊ သူဟာ ကျွန်မကို ဘယ်တော့မှ ပိုက်ဆံပေးမကိုင်ဘူး၊





အဖိုးတန်ပစ္စည်းတွေထားတဲ့ မီးခံသေတ္တာသော့ကိုလဲ လည်ပင်းမှာ အမြဲဆွဲထားတယ်၊ ဒါပေမဲ့ရှင် ကျွန်မကိုကူညီရင်တော့ ဖြစ်နိုင်မယ် ထင်တယ်၊ ကျွန်မ ဒီလူကြီးနဲ့ဝေးရာကို သိပ်သွားချင်တာပဲ၊ မြန်မာပြည်အနံ့က ဘုရားတွေလဲသိပ်ဖူးချင်တာပဲ၊ အင်းလေးနဲ့ပုဂံကိုလဲသိပ်ရောက်ဖူးချင်တာပဲ၊ ရှင် ကျွန်မကို လိုက်ပို့ပေးနိုင်မလား"

လို့ဆိုတော့ စိုးအောင်က သက်ပြင်းချပြီး

"လိုက်ပို့ပေးတာမခက်ပါဘူး၊ ဒါပေမဲ့ ဘီလေးလက်က လွတ်ဖို့ ဆိုတာလွယ်မှ မလွယ်တာ"

လို့ဆိုလိုက်တော့ မစန်းချစ်က

"နည်းလမ်း တစ်ခုတော့ ရှိတယ်၊ သူ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို လုပ်ကြံသလို ကျွန်မတို့ကလဲ သူ့ကို ပြန်လုပ်ကြံရင်ပေါ့"

လို့ဆိုလိုက်တော့ စိုးအောင်က မစန်းချစ်ကို အထိတ်တလန့် ကြည့်ပြီး

"ကျုပ်က ဘီလေးကိုလုပ်ကြံရမယ်၊ ဟုတ်လား... ကျုပ်တစ်သက်မှာ လူ့အသက်ကို ဘယ်တော့မှမသတ်ဖူးလို့ ဆုံးဖြတ်ထားတယ်"

လို့ဆိုလိုက်တော့ မစန်းချစ်က ရယ်မောလိုက်ပြီး

"ကျွန်မလဲ ရှင့်ကိုမသတ်ခိုင်းပါဘူး ရှင်၊ ကျွန်မတို့ နည်းလမ်းရှာရမှာပေါ့..."

လို့ဆိုလိုက်ပြီး စိုးအောင်ရင်ခွင်ထဲကို ခေါင်းတိုးဝင်လာတယ်၊

စိုးအောင်က သူမကို တင်းတင်းကြပ်ကြပ် ပွေ့ပိုက်ပြီး နှုတ်ခမ်းအစုံကို စုတ်နမ်းလိုက်တယ်၊ သူမက ပြန်ပွေ့ပိုက်ပြီး တုံ့ပြန်တယ်။ နောက်တော့ သူတို့ဟာ အချစ်ရေယာဉ်ကြောမှာ မျောပါသွားတယ်။

သူတို့ ပြန်လာတဲ့ အချိန်မှာ နေလယ်စာစားချိန် တောင်ရောက်နေပြီ၊ သူတို့နှစ်ယောက်ဟာပက်လက်မြင်းလှည်းလေးကို မောင်းပြီး ပြန်လာတုန်း သေနတ်ခါးကြားထိုးထားတဲ့ မြင်းစီးပုလိပ် တစ်ယောက်ကိုတွေ့ရတယ်၊ မြင်းစီးပုလိပ်က စိုးအောင်တို့ကို မယုံသင်္ကာဟန်နဲ့ ကြည့်ပြီး

"မင်းတို့ ဘယ်က ပြန်လာတာလဲ"

လို့မေးတယ်၊ မစန်းချစ်က ပုလိပ်ကိုမျက်နှာချိုသွေးပြီး

"သူက ကိုစိုးအောင်လေ.... တွင်းသစ်မှာ..."

လို့ဆိုလိုက်တော့ မြင်းစီးပုလိပ်က




www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်သိပါတယ်၊ တွင်းသစ်မှာ ရွှေ

အောင်လာတဲ့ ကံထူးရှင်မဟုတ်လား"

လို့ဆိုလိုက်တော့ မစန်းချစ်က

"ဟုတ်ပါတယ်၊" ဦးလေးက ကိုစိုး

အောင်ကို ရွာထဲကို လျှောက်မြန်ခိုင်းလို့ပါ"

လို့ဆိုလိုက်တော့ မြင်းစီးပုလိပ်က မစန်းချစ်ကို စူးစူးရဲရဲ ကြည့်ပြီး

"ဒါဆိုရင်လဲ လူတွေမမြင်ကွယ်ရာကို

မသွားနဲ့၊ မင်းကိုငါ ဘာကြောင့် သတိပေးတယ်

ဆိုတာ သိတယ်နော်"

လို့ဆိုတော့ မစန်းချစ်က

"သိပါတယ်ရှင်"

လို့ပြောတော့မှ မြင်းစီးပုလိပ်က စိုးအောင်ကို စူးစူးရဲရဲ ကြည့်ပြီး ထွက်သွားသွားတယ်။



မစန်းချစ်ကမြင်းစီးပုလိပ်ကွယ်ရာရောက်တော့

"ဒီလူက ရွှေတောတစ်ခုလုံးကို သူပိုင်

တယ်လို့များထင်နေသလားမသိဘူး၊ တွေ့ရာလူ

ကိုလိုက် အမိန့်ပေးနေတယ်"

လို့ပြောတယ်။

စိုးအောင်ကမြင်းစီးပုလိပ်ရဲ့နောက်ကျောကိုကြည့်ပြီး

"ရွှေတောမှာ ပုလိပ်တစ်ယောက်ပဲ ရှိ

တာလား"

လို့မေးလိုက်တော့ မစန်းချစ်ကခေါင်းညိတ်ပြီး

"ရွှေတောကိုရောက်နေတဲ့ လူပေါင်း

များစွာရဲ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့

ပုလိပ်တစ်ယောက်ပဲ ထားပေးတယ်၊ အင်္ဂလိပ်

အစိုးရရဲ့စေတနာပေါ့ရှင်"


www.burmeseclassic.com

www.burmeseclassic.com


လို့ပြောတယ်၊ ခဏကြာတော့ သူတို့ မြင်းလှည်းဟာ ဘီလေးရဲ့ အပေါင်ဆိုင်ရှေ့ကို ပြန်ရောက်လာတယ်။

ဘီလေးဟာဆိုင်ရှေ့မှာ ဖဲထုပ်တစ်ထုပ်ကို တစ်ယောက်တည်း ထိုင်ကစားနေတာ တွေ့ရတယ်၊ မစန်းချစ်က လှည်းပေါ်က ဆင်းကာနီးမှာ စိုးအောင်အနီးကိုကပ်ပြီး

"ရှင်နဲ့ မတွေ့ရတာ ကြာပြီ၊ ညကျ ရင်

လာတွေ့မယ်နော်"

လို့ပြောတယ်။

ဘီလေးဟာ သူတို့နှစ်ယောက်ကို ဘာစကားမှ မပြောဘဲ ဖဲထုပ်ကိုသာ ကုလားဖန်ထိုးနေတယ်။

သူတို့ အိမ်ထဲကို ဝင်သွားတော့ ဘီလေးဟာ ရင်ထဲမှာ နာကျင်ကြေကွဲလွန်းလို့ အံကို တင်းတင်းကြိတ်လိုက်တယ်။

ညကိုရောက်တော့ မစန်းချစ်ဟာ အိပ်ယာပေါ်က အသာ အရာထပြီး ဘီလေး အိပ် မအိပ် သေချာအောင်ကြည့်တယ်။

ဘီလေး ဆီကဟောက်သံကြားရတော့မှ အပေါ်ထပ်က နေ အောက်ကို တိတ်တဆိတ်ဆင်းပြီး စိုးအောင်ရှိတဲ့ မြင်းစောင်းကို ထွက်ခွာသွားတယ်။

ဒီအချိန်မှာ အိမ်အပေါ်ထပ်ပြတင်းပေါက်ကနေ သူ့နောက်ကျောကို ဘီလေးကြည့်နေတာမသိဘူး၊ ဘီလေးဟာ နာကျင်ကြေကွဲဟန်နဲ့

"တကျော့ကြီးတဲ့မိန်းမရဲ့ပြည်မရောက်

မီ ကောင်းကောင်း ပျော်ပေတော့"

လို့ တီးတိုးရေရွတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ညမှာ မစန်းချစ်ဟာ စိုးအောင်နဲ့ နေပြီးတော့ ရင်ခွင်ထဲမှာ မှိန်းပြီး အနားယူနေတယ်။ စိုးအောင်က မစန်းချစ်ရဲ့နဖူးပေါ်က ချွေးတွေကိုသုပ်ပေးရင်း

"ကျုပ်တို့မှာ အချိန်တွေ တဖြည်းဖြည်း ကုန်နေပြီနော်"

လို့ဆိုလိုက်တော့ မစန်းချစ်က





"ဒါတွေ မတွေးစမ်းပါနဲ့ရှင်။ လွတ်လွတ်လပ်လပ်နေလို့မှ အားမရသေးဘူး"

ဆိုပြီး စိုးအောင်ကိုပွေ့ဖက်ပြီး သူမအလိုကျ နေနိုင်းတယ်။ စိုးအောင်ဟာ မစန်းချစ်ကျေနပ်အောင် သစ္စာထားနှစ်ပါးသွားတေးတွေကိုအခါခါ ဆိုပြနေရတယ်။

နောက်တော့ မောလွန်းလို့မဆိုပြနိုင်တော့မှ မစန်းချစ်က

"ရှင်က သိပ်ချစ်ဖို့ ကောင်းတယ်၊ ကျွန်မတော့ရှင့်ကို မခွဲနိုင်တော့ဘူး၊ ကျွန်မနဲ့ရှင်က ရည်ရွယ်ချက်ချင်းတူတယ်၊ ကျွန်မက ဒီလှူကြီးလက်က လွတ်မြောက်ချင်တယ်၊ ရှင်က ရှင့်အသက်နဲ့ရင်းပြီး ရှာဖွေခဲ့ရတဲ့ရွှေတွေကိုပြန်လိုချင်တယ်၊ ဒီလှူကြီးမှာ ငွေတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ ငွေတွေထည့်ထားတဲ့မီးခံ



www.burmeseclassic.com

www.burmeseclassic.com

သေတ္တာသော့ကို သူ့လည်ပင်းမှာ အမြဲ ကြိုးနဲ့ဆွဲထားတယ်၊ ကျွန်မတို့ မီးခံသေတ္တာသော့ကို မရရအောင်ယူပြီး ရွှေတွေကိုယူမယ်၊ ပြီးတော့ ဒီအရပ်က ထွက်ပြေးကြမယ်"

လို့ဆိုလိုက်တော့ စိုးအောင်က မျက်မှောင်ကြုတ်ပြီး

"ဘိလေးက မီးခံသေတ္တာသော့ကို လည်ပင်းမှာ အမြဲဆွဲထားတယ်ဆိုတော့ ကျုပ်တို့ ဘယ်လိုလုပ်မှာလဲ"

လို့မေးမြန်းလိုက်တယ်။ မစန်းချစ်က

"ဒါကတော့ စွန့်စားရမှာပေါ့၊ သူ အိပ်နေတုန်း ကျွန်မတို့သူ့ကိုတိုက်ခိုက်ပြီးထွက်ပြေးကြမယ်"

လို့ပြောတော့ စိုးအောင်က





"အိပ်ပျော်နေသူကို ရိုက်ရမှာ ကျုပ်မဝံ့ရဲဘူး၊ သူ့ကိုဖြောင့်ပဲ တိုက်ခိုက်ချင်တယ်"

လို့ဆိုတော့ မစန်းချစ်က

"ရှင်တို့ယောကျ်ားတွေဟာ အရာရာမာနထားနေတာပဲ၊ သူ့ကိုအနိုင်ရဖို့ အဓိကမဟုတ်လား၊ ကျွန်မတို့ ရည်မှန်းချက်အောင်မြင်ဖို့ အရေးကြီးတယ်၊ ကဲ..လာမဲ့ စနေနေ့ညမှာ ကျွန်မတို့ အစီအစဉ်စမယ်၊ ရွှေတောက ထွက်ပြေးဖို့ ကျွန်မကလမ်းပြပေးမယ်၊ ရွှေတောက လွတ်ရင်တော့ရှင့်တာဝန်ပဲ၊ ရှင်ကျွန်မကို တစ်သက်လုံးကြည့်ရှုစောင့်ရှောက်ရမယ်"

လို့ပြောတော့စိုးအောင်ကခေါင်းညိတ်ပြီး

"ဘိလေးကိုကျုပ်တို့မသတ်ဘူး နော်၊


www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်ရင် မေ့မြောရုံလောက်ပဲ”

ဆိုတော့ မစန်းချစ်က ခေါင်းညိတ်ပြီး

“သူသာ ရှင့်နေရာမှာ ဆိုရင်တော့ ရှင့်ကို သတ်မှာပဲ”

လို့ တီးတိုးပြောလိုက်တယ်။ စိုးအောင်တို့ဟာ ဒီရက်ပိုင်း ဟန်မပျက်နေကြတယ်။ ဘီလေးက မစန်းချစ် ကွယ်ရာရောက်တာနဲ့

“မင်းဘယ်တော့ လုပ်ငန်းစမှာလဲ၊ မင်းကိုငါ တစ်လပဲအချိန်ပေးထားတာနော်”

လို့မေးတယ်၊ စိုးအောင်က မျက်နှာတည်တည်နဲ့

“သူ့ကို အယုံသွင်းရသေးတယ်လေ၊ အချိန်ပေးရမှာပေါ့၊ ခင်ဗျားသာ ကျုပ်ဝေစုတွေ တိတိကျကျပေးဖို့ အသင့် စီစဉ်ထားပါ”





လို့ဆိုတော့ ဘီလေးက ခေါင်းညိတ်ပြီး

“ဒီအတွက်မပူနဲ့ ရော့.. ပတ္တမြား... ရော့နဂါးပဲ၊ မင်းသာအမြန်ဆုံး ပိပိရိရိ ဖြစ်အောင်လုပ်”

လို့မှာကြားတယ်။

စိုးအောင်ဟာ တစ်ယောက်ကိုတစ်ယောက် သတ်ချင်နေတဲ့ လူနှစ်ယောက်ကြားကို ရောက်နေမှန်း ကိုယ့်ကိုယ်ကိုယ် တိထားမိလိုက်တယ်။

ဘယ်လိုအခက်အခဲတွေပဲ ကြုံကြုံ မစန်းချစ်ကို ဒီအရပ်က ယ်တင်ပေးဖို့ သူ့တာဝန်ဖြစ်နေပြီ။

သူတို့ဟာ စနေနေ့ မရောက်မီ ပိပိရိရိ နေထိုင်ကြတယ်၊ ရက်ပိုင်းမှာ ဘီလေးက မစန်းချစ်ကို လုပ်ကြံဖို့ မကြာခဏ တိုက်န်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဘိလေးက

"အချိန်တွေ သိပ်ကြာနေပြီကွ၊ မင်း

သူ့ကို လုပ်ကြံမဲ့နေ့ကိုတိတိကျကျ သတ်မှတ်ဖို့

သင့်နေပြီ"

လို့ပြောလိုက်တယ်၊ စိုးအောင်က သက်ပြင်းချပြီး

"ကျုပ် အခွင့်အရေးရမဲ့ အချိန်ကို

သည်းခံပြီး စောင့်နေတယ်"

လို့ဆိုလိုက်တော့ ဘိလေးက

"မင်းဘယ်အချိန်ထိ သည်းခံစောင့်မှာ

လဲ"

လို့မကျေမချမ်း ပြောတယ်။ စိုးအောင်က သက်ပြင်းချပြီး

"ဒီအပတ် စနေနေ့ကစပြီး တစ်ခုခု

ထူးခြားစေရမယ်၊ ကျုပ်ကတိပေးပါတယ်"





လို့ သူနဲ့ မစန်းချစ် ကြံရွယ်ထားတဲ့ စနေနေ့ကို ရည်ရွယ်ပြီး

ပြောလိုက်တယ်။ ဘိလေးက မျက်မှောင်ကြုတ်ပြီး

"စနေနေ့က စပြီး ထူးခြားတော့မယ်

ဟုတ်လား၊ ကောင်းတယ်ကွာ၊ ဒီကောင်မ မရှိ

တော့မှ ငါအိပ်ရေးဝဝ အိပ်ရမှာကွ"

လို့ပြောတယ်။

စိုးအောင်ဟာ ဘိလေးရဲ့တင်းမာတဲ့သဘောထားကြောင့်

ရင်ထဲမှာ လေးလံသွားတယ်။

စနေနေ့မရောက်မီတစ်ရက်အလိုမှာမစန်းချစ်ကစိုးအောင်

ရဲ့မြင်းတင်းကုပ်ကိုရောက်လာပြီး

"မနက်ဖြန်ည ရောက်ရင် မီးဖိုချောင်

တံခါး ဖွင့်ထားမယ်၊ ဘိလေး အိပ်သွားရင် ကျွန်မ

အိမ်ပေါ်က လက်နှိပ်ဓာတ်မီးနဲ့အချက်ပြမယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ရှင် အိမ်ပေါ်တက်လာပြီး ဘီလေးကို တုတ်နဲ့ ရိုက်ပါ၊ ဘီလေး မေ့မြောသွားရင် ကြိုး တုတ်ပြီး မီးခံဓသေတ္တာသော့ကိုယူမယ်၊ ရွှေတွေ ရပြီဆိုရင် ကျွန်မတို့ညတွင်းချင်း ပြေးကြမယ်"

လို့ဆိုလိုက်တော့စိုးအောင်က သူ့ရွှေတွေပြန်ရတော့မယ် ဆိုပြီး ရင်ထဲမှာ လှုပ်ခါသွားတယ်။

ရွှေတွေ ပြန်ရမယ် ဆိုရင် ရွှေတွင်းကို ဘယ်တော့မှ ပြန်မလာတော့ဘူးလို့ဆုံးဖြတ်လိုက်တယ်။

မစန်းချစ် နဲ့အတူ ဇာတိရပ်မြေကိုပြန်ပြီး ကောင်းရာ ကောင်းဝယ် လုပ်စားတော့မယ်။

စနေနေ့ တစ်နေ့လုံး စိုးအောင်နဲ့ မစန်းချစ်ဟာ ဘယ်ကိုမှ မသွားဘဲ အိမ်တွင်းအောင်းနေတယ်။

စိုးအောင်ဟာ ဒီနေ့ညမှာ ကြုံရမဲ့အရေးကိုတွေးပြီး စိတ် မောနေမိတယ်၊ ဘီလေး မတရား ခေါင်းပုံဖြတ်ထားတဲ့ ငွေတွေ ပြန်ရရင်ဒီအရပ်မှာတစ်နာရီတောင်မနေချင်တော့ဘူး။




www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တဖြည်းဖြည်း ညဂိုရောက်လာတယ်၊ သူတို့ သုံးယောက်ဟာ ညစာစားပွဲမှာဆုံကြတယ်။

သုံးယောက်စလုံး ညစာစားပွဲမှာ တိတ်ဆိတ်ငြိမ်သက်စွာ စားသောက်နေတယ်၊ ညစာ စားပြီးတော့လဲ ငြိမ်သက်စွာ လမ်းလျှောက်ထွက်သွားတယ်။

စိုးအောင်ဟာ မြင်းစောင်းအိမ်လေးကို ပြန်ပြီး မစန်းချစ်ဆီကအချက်ပေးမှာကို စောင့်မျှော်နေတယ်။ မစန်းချစ်ဟာ အိပ်ခန်းထဲကို ဦးစွာဝင်ပြီး ခုတင်ပေါ်မှာ တစ်စောင်းလှဲနေလိုက်တယ်၊ ခဏကြာတော့ ဘီလေး အိပ်ခန်းထဲကိုဝင်လာပြီး တစ်ဖက်က ခုတင်ပေါ်မှာ ဝင်အိပ်တယ်။

သူတို့ နှစ်ယောက်ဟာ တစ်ခန်းထဲမှာနေပြီး ခုတင်တစ်ယောက် တစ်လုံးနဲ့အိပ်လေ့ရှိတယ်။ မစန်းချစ်ဟာ ဘီလေး အိပ်ပျော်မဲ့ အချိန်ကို ရင်တထိတ်ထိတ်နဲ့စောင့်နေတယ်။

ဘီလေးဆီက ဟောက်သံ ထွက်လာတော့ လှဲနေရာကအသာထပြီး ပြတင်းပေါက်ကနေ စိုးအောင်မြင်အောင် လက်နှိပ်ဓာတ်မီးနဲ့ အချက်ပြလိုက်တယ်။ မစန်းချစ်ဟာ စိတ်လှုပ်ရှားနေလို့ အချက်ပြပြီး နောက်ပြန်အလှည့်မှာ လက်နှိပ်ဓာတ်မီးနဲ့ ပန်းအိုးထိမိပြီး ပန်းအိုး ခွမ်းခနဲ ကျကွဲသွားတယ်။

ပန်းအိုးကျကွဲတဲ့ အသံကြောင့် မစန်းချစ်ဟာ ခေါင်းနပန်းကြီးသွားပြီး ကမန်းကတန်း ပြန်လှည့်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူနောက်ကျသွားပြီ၊

ဘီလေးဟာ အိပ်ရာက ထပြီး

"ဘာဖြစ်တာလဲ"

လို့မေးတယ်၊ မစန်းချစ်က အထစ်ထစ် အငေါ့ငေါ့နဲ့

"ဟို..အိပ်ဆေးရှာတာပါ"

လို့ပြောလိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com


ဘီလေးကမစန်းချစ်ရဲ့မျက်နှာကိုကြည့်ပြီး

"မင်းအိပ်မပျော်ဘူးလား"

လို့မေးတယ်။ မစန်းချစ်က

"ဟုတ်တယ်"

လို့ တိုးတိုးပြောလိုက်တော့ ဘီလေးဟာ မစန်းချစ်ရဲ့ ထူအမ်းအမ်း နှုတ်ခမ်းတွေကိုကြည့်ပြီး သူတို့အတူတူမနေဖြစ်တာ ကြာပြီလို့ တွေးမိတယ်။

ဖောက်ပြန်တဲ့မိန်းမနဲ့အတူနေရမှာ သူ့ရင်တွေနာလွန်းလို့ ကျောခိုင်းထားတာကြာခဲ့ပြီ။ ဒါပေမဲ့ သူ့မ အသက်ရှင် နေထိုင်ရမဲ့ ရက်တွေ သိပ်နည်းနေပြီ၊ သူမနဲ့နောက်ဆုံး အတူတူနေသင့် တယ်လို့ တွေးမိတယ်။

ဘီလေးဟာ အတွေးဆုံးတာနဲ့ မစန်းချစ်ကို ပွေ့ဖက်ပြီး ခုတင်ပေါ်ကိုခေါ်သွားတယ်။



မစန်းချစ်ဟာ ဘီလေးရဲ့အပြုအမူကြောင့် ရင်ထဲမှာထိတ် ခနဲ ဖြစ်သွားတယ်။ ဒီအချိန်မှာ ဘီလေးနဲ့ အတူနေလို့ မဖြစ်ဘူး။

ဘီလေးကို လုပ်ကြံဖို့ စိုးအောင် အိမ်ပေါ်တက်လာတော့ မယ်၊ ဒါပေမဲ့ ငြင်းဆန်ရခက်ခဲတဲ့ အနေအထားကြောင့် အချစ် ရေယဉ်ကျောမှာ အသာစီးမျောပြီး နေလိုက်တယ်။

စိုးအောင်ဟာ မစန်းချစ်အချက်ပြလိုက်တာကို မြင်က တည်းက တုတ်တစ်ချောင်းကို ကိုင်ပြီး မြင်းစောင်းအိမ်ထဲက ထွက်ခဲ့ တယ်။

ဘီလေးရဲ့ အိမ်နောက်ဖေးတံခါးကို အသာအယာ တွန်း ကြည့်လိုက်တော့ မစန်းချစ် ချက်ဖွင့်ထားလို့ တံခါးပွင့်သွားတယ်။

စိုးအောင်ဟာ မီးဖိုဆောင်ကနေ အပေါ်တက်တဲ့ လှေခါး အနီးကို ရောက်နေပြီ၊ ဒါပေမဲ့ မစန်းချစ်ရဲ့အရိပ်အယောင်ကို မမြင် ရသေးဘူး၊ စိုးအောင်ဟာလှေခါးအတိုင်းခြေသံလုံလုံနင်းပြီးတက်


www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ်။

ဒီအချိန်မှာပဲ အိပ်ခန်းထဲက အသံလိုလိုကြားရလို့ နားစွင့်ကြည့်လိုက်တော့ ချစ်တင်းနှီးနှောနေတဲ့ ဘီလေးနဲ့မစန်းချစ်ရဲ့ အသံတွေကို ကြားလိုက် ရတယ်။

စိုးအောင်ဟာ သူတို့ စုံတွဲရဲ့အသံတွေကို နားထောင်ပြီး ရင်ထဲမှာ နာကျင်သွားတယ်။

ရာဂ စိတ်ပြင်းထန်နေတဲ့ ယောကျ်ားတစ်ယောက်ကို မိမိကတိတ်တဆိတ်တိုက်ခိုက်ရမှာလား…။

ဒီအချိန်မှာအိပ်ခန်းထဲဝင်သွားရင် မစန်းချစ်ရဲ့မြင်ကွင်းက ဘယ်လောက် အကျည်းတန်နေမလဲ…။

စိုးအောင်ဟာ ခေါင်းခါယမ်းလိုက်ပြီး အိမ်ပေါ် ထပ်က ပြန်ဆင်းလာခဲ့တယ်၊ စိုးအောင်ဟာ ရင်ထဲက အမျိုးအမည် မဖော်ပြနိုင်တဲ့ဝေဒနာတစ်မျိုးကြောင့် လက်ထဲက တုတ်ဟာ လေ့ခါး လက်





ရမ်းနဲ့သွားတိုက်တယ်။

ဒီအသံကို ဘီလေးကြားသွားပြီး

"အောက်ထပ်မှာ အသံကြားရတယ်၊

သူခိုးဝင်နေပြီနဲ့တူတယ်"

လို့ပြောတယ် မစန်းချစ်ဟာ အချစ်ရေယဉ်ကျောမှာ မျောနေရာကစိုးအောင် ရောက်နေကြောင်း ရိပ်မိလိုက်တယ်။

ဒါကြောင့် ဘီလေးရဲ့ကိုယ်ကို သိုင်းဖက်ပြီး

"သူခိုးမဟုတ်ပါဘူး၊ ကြောင်ဝင်တာ ဖြစ်ပါလိမ့်မယ်၊ ဂရုမစိုက်စမ်းပါနဲ့…"

ဆိုပြီး ဘီလေးကို မြူဆွယ်လိုက်တယ်။ ဒါပေမဲ့ ဘီလေး ဟာ ဘောင်းဘီကို ကောက်စွပ်ပြီး

"ခဏလေးပါ၊ ကိုယ်သွားကြည့်ဦးမယ်"

လို့ပြောတော့မစန်းချစ် ရင်ထိတ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"အို...မသွားပါနဲ့...ကိုယ်အလုပ် ကိုယ် လုပ်စမ်းပါ"

လို့ဆိုပြီး စိတ်ပြင်းပြနေဟန် မာယာလုပ်ပြီး ပြောတယ်။

ဒါပေမဲ့ ဘီလေးကိုတားလို့ မရတော့ဘူး၊ ဘီလေးဟာ အံဆွဲထဲက သေနတ်ကို ယူပြီး အခန်းထဲက ထွက်သွားပြီ။

စိုးအောင်ဟာအိပ်ခန်းတံခါးဖွင့်သံကြားလို့မှောင်ရိပ်ထဲမှာ စိုနေလိုက်တယ်။

ဘီလေးဟာ သေနတ်ကို ကိုင်ပြီး လှေခါးအတိုင်း ခြေသံမကြားအောင် ဆင်းလာတယ်။

စိုးအောင် ဟာ သေနတ်ကိုင်ပြီး သူ့အနီးကိုရောက်လာတဲ့ ဘီလေးကို တုတ်နဲ့ ဆီးရိုက်လိုက်တယ်။ ဘီလေးဟာ ခေါင်းကို ထိမှန်ပြီး အောက်ကို တလိမ့်ခေါက်ကွေးကျသွားတယ်။

စိုးအောင်ဟာ အောက်ကို ပြေးဆင်းပြီး ဘီလေးကို တိုက်





ခိုက်ဖို့ပြင်တော့ဘီလေးမေ့မြောသွားပြီ။

စိုးအောင်ဟာအသင့်ပါလာတဲ့ကြိုးနဲ့ဘီလေးကိုသေသေချာချာ တုတ်နှောင်တယ်။

ဒီအချိန်မှာ မစန်းချစ်က အဝတ်အစားကပိုကရိုနဲ့ အနီးကို ရောက်လာပြီး

"ရှင့်ကို အချက်ပြပြီးမှ တကျာရှုးကြီး အိပ်ရာကနိုးပြီး သေကာနီးရက္ခာ ယူသွားတယ်"

လို့ပြောတယ်၊ စိုးအောင်က သူမ ဖြေရှင်းတာကို နားမထောင်တော့ဘဲ

"ခင်ဗျား...အဝတ်တွေ မြန်မြန်ဝတ် လိုက်တော့၊ ကျုပ်တို့သွားဖို့အချိန်ရှိသေးတယ်"

လို့ပြောတယ်။

မစန်းချစ်ဟာ အဝတ်တွေကမန်ကတန်း ဝတ်ပြီး ဘီလေး



www.burmeseclassic.com

www.burmeseclassic.com

လည်ပင်းမှာဆွဲထားတဲ့ သော့ကိုယူပြီး မီးခံသေတ္တာ ကိုဖွင့်လိုက်တယ်။ မီးခံသေတ္တာထဲက မြင်ကွင်းကို ကြည့်ပြီးမစန်းချစ်က

"ဟား...ဟား.ဟား... ရွှေတွေနဲ့ပိုက်ဆံ

တွေ အများကြီးပါလား... ကျွန်မတို့ သူဌေးဖြစ်ပြီ..."

လို့ဝမ်းသာအားရ အော်ဟစ်လိုက်တယ်။ စိုးအောင်ကမီးခံ သေတ္တာထဲက ရွှေတွေနဲ့ ပိုက်ဆံတွေကို အိတ်တစ်လုံးနဲ့ သိမ်းကြုံး ထည့်နေတယ်။ ဒီအချိန်မှာပဲ ဘီလေး ပြန်သတိရလာပြီး

"တောက်...မိန်းမယုတ်နဲ့ သစ္စာမရှိတဲ့

ကောင်..... နင်တို့ ဘယ်ပြေးပြေး ငါမရရအောင်

လက်စားချေမယ်"

လို့ဒေါသတကြီး အော်ဟစ်ဆဲဆိုတယ်၊ ဒီအချိန်မှာ မစန်း ချစ်က သေနတ်ကို ကောက်ကိုင်ပြီး

"ရှင့်ကိုငရဲကိုအရင်ပို့လိုက်မှာ၊ ငရဲက





လူက ဘယ်လိုလုပ်ပြီး လက်စားချေလို့ ရမှာလဲ"

လို့ပြောပြီးဘီလေးကိုသေနတ်နဲ့ချိန်လိုက်တယ်။

စိုးအောင် က

"မလုပ်နဲ့"

လို့တားဆီးလိုက်ပေမဲ့ မစန်းချစ်က နားမထောင်ဘဲ

စ်ထည့်လိုက်တယ်။ ဘီလေး တစ်ချက်တည်းနဲ့ အသက်ထွက် သွားတယ်။

စိုးအောင်ကခေါင်းခါယမ်းပြီး

"ဘာဖြစ်လို့ လူသတ်ရတာလဲဗျာ"

လို့ဆိုလိုက်တော့ မစန်းချစ်က

"သူ ကျွန်မတို့ကို လက်စားချေမယ်

လို့ကြုံးဝါးနေတာ ရှင်မကြားဘူးလား၊ နောက်ပြီး ဒီအရပ်က လွတ်အောင်ထွက်ပြေးဖို့ ဆိုရင် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မသတ်လို့ မဖြစ်ဘူးရှင့်၊ သူ့ကို အရှင်ထားခဲ့မယ် ဆိုရင် လက်မရွံ့တွေငှားပြီး ကျွန်မတို့ နောက်ကို လိုက်မှာပဲ”

လို့ပြောတယ်။

မစန်းချစ်ကို စိုးအောင် ပထမဆုံးစိတ်ပျက်သွားတယ်။

သူမဟာ ဘီလေးကို နဂိုကတည်းက သတ်ဖို့ အစီအစဉ် ရှိပုံရတယ်။ စိုးအောင်ဟာမစန်းချစ်ရဲ့ရက်စက်တဲ့စိတ်ထားကိုလုံး မနှစ်မြို့ဘူး။ ဒီအတိုင်းဆိုရင် သူတို့ နှစ်ယောက် ရေရှည်ပေါင်းလို့ ရပါ့မလားမသိ။



သူတို့နှစ်ယောက်ဟာညတွင်းချင်းမြင်းလှည်းနဲ့ထွက်ပြေး ကြတယ်။ မစန်းချစ်ဟာ လမ်းခရီးကို ကျွမ်းကျင်တဲ့အတွက် ည အချိန်မှာတောင် ရွှေတောနဲ့ ဝေးရာကိုပြေးထွက်နိုင်ခဲ့တယ်။

မစန်းချစ်ဟာ ရွှေတောနဲ့ဝေးရာကို ရောက်တော့ အားပါး တရရယ်မောကာ

“ဟား.ဟား.ဟား.. ဒီနေ့ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘဝ အနှောင်အဖွဲ့ထဲက လွတ်ပြီ၊ ကျွန်မ

ကို ဘယ်သူမှလာပြီး တားဆီးချုပ်ကိုင်လို့ မရ

တော့ဘူး၊ ကမ္ဘာကြီး အနှံ့ လျှောက်သွားမယ်၊

ကျွန်မလုပ်ချင်ရာလုပ်မယ်၊ ဘယ်သူကျွန်မကို

လာတားမလဲ..ပျော်စရာကောင်းလိုက်တာရှင်..”

လို့ဆိုတယ်။ မစန်းချစ်ကို ကြည့်ရတာ စိတ်လွတ် ကိုယ်

လွတ်အလွန်နေချင်ပုံရတယ်။

စိုးအောင်ရဲ့ဘဝရည်မှန်းချက်ကတော့ ရိုးစင်း လွန်းတယ်

မစန်းချစ်နဲ့အတူ ဇာတိရပ်မြေကို ပြန်ပြီး အေးအေးချမ်းချမ်းဘ

လေးမှာနေချင်တယ်။

ယခု မစန်းချစ်က ဘီလေးကို သတ်ဖြတ် လိုက်ခြင်းဟ

မနစ်မျိုးရာဖြစ်သွားတယ်။

အပြစ်ရှိတဲ့သူဟာ သဘာဝ တရားကပေးတဲ့ အပြစ်ဒဏ်





ံရမယ်လို့ သူယုံကြည်တယ်။ မစန်းချစ် အပြစ်ဒဏ်ခံရတော့

ယ်....။

သူတို့ဟာ မြင်းလှည်းနဲ့ တစ်ညလုံးခရီးနှင်လိုက်တာ

ရွှေတောနဲ့အတော်ဝေးတဲ့တောင်ပေါ်လမ်းကိုရောက်သွားတယ်။

သူတို့ဟာ စိတ်လွတ်ကိုယ်လွတ်နဲ့ မြင်းလှည်းကို မောင်းနှင်လာ

ကြတယ်၊ ဒီအချိန်မှာပဲ တောင်အောက်လမ်းက မြင်းစီးလာတဲ့

ုတစ်ယောက်ရဲ့အရိပ်အယောင်ကိုမြင်လိုက်ရပြီး မစန်းချစ်ဟာ

ထိတ် တလန့်နဲ့

“အမလေး..မြင်းစီးပုလိပ်ပါလား..

ဒုက္ခပါပဲ၊ ကျွန်မတို့ အမြန်နောက်ကြောင်း ပြန်

လှည့်ပြီးတောထဲမှာ ပုန်းကြမယ်”

လို့ပြောပြီးမြင်းလှည်းကိုတောင်ပေါ်လမ်းအတိုင်းပြန်ကွေ့

း‌တောထဲကိုဝင်ပုန်းဖို့ကြိုးစားတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ သူတို့နောက်ကျသွားပြီ၊ မြင်းစီးပုလိပ်ဟာ သူတို့ကို မြင်တွေ့ပြီး အနောက်က လိုက်လာခဲ့တယ်။

မြင်းစီးပုလိပ်က မြင်းကိုဒုန်းစိုင်းပြီးလိုက်လာတယ်။ ပုလိပ်ဟာ မစန်းချစ်ကိုမြင်တဲ့အခါ မကျေမချမ်းနဲ့

"ဘယ်သူများလဲမှတ်တယ်၊ မစန်းချစ် ပါလား.."

လို့ဆိုပြီး စိုးအောင်ကို မျက်လုံး စွေ့ကြည့်ကာ

"ဩော်..နင် ဒီကောင်နဲ့တောင် ဖာတ်လမ်းဖြစ်သွားပြီပေါ့၊ မင်းတို့ ဘီလေးကို သတ်ပြီး ထွက် ပြေးလာပုံရတယ်၊ ဟုတ်လား..မစန်းချစ်.. နင်တော် တော်ရက်စက်တဲ့ မိန်းမပဲ..ကိုယ့်လင် ကြီးကို သတ်ပြီး လင်ငယ်နဲ့ထွက်ပြေးလာတယ် ပေါ့၊ နင် ငါ့အပေါ်လဲ သစ္စာဖောက်တယ်ပေါ့"



လို့ဆိုလိုက်တော့ စိုးအောင်ဟာ ထိတ်လန့်တုန်လှုပ်သွားတယ်။ မစန်းချစ်နဲ့မြင်းစီးပုလိပ်ငြိစွန်းနေပြီလား၊ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက ရိုးသားမှုမရှိသလိုပဲ...၊ ဒီအခါမှာ မစန်းချစ်ဟာ အံ့သြဖွယ်အပြုအမူတစ်ခုကို လုပ်လိုက်တယ်။

"ရှင့်ကို သစ္စာမဖောက်ပါဘူးရှင်၊ ကျွန်မ ယောက်ျားကို သူသတ်ပြီး ကျွန်မ ကိုလဲ သူနဲ့မလိုက်ရင် သတ်မယ်ဆိုပြီး ခြိမ်းခြောက်ခေါ် လာခဲ့တာပါ၊ သူ့ကိုဖမ်းပါ၊ ဟောဒီမှာ သူ မီးခံ သေတ္တာထဲကယူလာတဲ့ ရွှေတွေပါ"

ဆိုပြီး မြင်းစီးပုလိပ်လက်ကို ရွှေတွေထည့်ထားတဲ့ အထုပ်ကို ကမ်းပေးလိုက်တယ်။ စိုးအောင်က မစန်းချစ်ကို ဒေါသတကြီး အော်ဟစ်ပြီး

"ခင်ဗျား ဘာပြောတာလဲ၊ ကျုပ်ကို ဘာကြောင့် ချောက်တွန်းတာလဲ"


www.burmeseclassic.com

www.burmeseclassic.com


လို့ဒေါ်သတကြီး အော်ဟစ်လိုက်တယ်။

မစန်းချစ်က စိုးအောင် ကို ဂရုမစိုက်ဘဲ မြင်းစီး ပုလိပ်ကို

အားကိုးဟန်နဲ့

"တကယ်ပါ၊ သူနဲ့ ကျွန်မ ဘာမှ မဖြစ်ပါ

ဘူး၊ ယုံပါရှင်"

လို့ ပြောလိုက်တယ်။

စိုးအောင်ဟာ မစန်းချစ်နဲ့မြင်းစီးပုလိပ်ရဲ့ ဆက်ဆံရေး

ကြောင့်ရင်ထဲမှာ မီးတောက်သွားတယ်။

သူတို့နှစ်ယောက်ငြိစွန်းနေပုံရတယ်။ ဘီလေးမသေမီက

"ငါ့မိန်းမကလူတိုင်းနဲ့ဇာတ်လမ်းရှုပ်နေ

တာ"

လို့ ပြောတာကို သတိရတယ်။

မိန်းမတစ်ယောက်ရဲ့လိမ်ညာလှည့်ဖျားတာကို ခံလိုက်ရ

ပြီလား...

မြင်းစီးပုလိပ်က ဒေါ်သတကြီးနဲ့

"မိန်းမယုတ်..နင်ဟာ ယောကျ်ား

တိုင်းနဲ့ဖောက်ပြန်နေတယ်၊ ငါ့ကို မေတ္တာရှိပါ

တယ်လို့ အကြိမ်ကြိမ်ကတိတွေပေးခဲ့တယ်၊

အခုလဲ ဒီကောင်ကို ကတိတွေပေးပြန်ပြီ မဟုတ်

လား၊ နင့်ရဲ့တဏှာရာဂစိတ်တွေကို ဘယ်တော့

ထိန်းမှာလဲအရပ်ပျက်မရဲ့"

လို့ပြောတယ်၊ မစန်းချစ်က ပုလိပ်ကိုမကျေမချမ်းဖြစ်သွား

ပြီး

"ရှင် ကျွန်မကို ဘာများ လွတ် မြောက်

အောင် လုပ်ပေးလို့လဲ၊ ရှင့်ရဲ့စကားတွေကိုယုံစား

ပြီးစောင့်ခဲ့ရတာ ကျွန်မအသက်တွေတောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com


လာပြီး.. ရှင်ဒီနေ့ထိ လှည့်စားနေတုန်းပဲ၊ ရှင်လုပ် မပေးနိုင်တာကို သူက လုပ်ပေးတယ်.. အဲဒါဘာဖြစ်သလဲ..ကျွန်မတို့ ကိုမနှောက်ယှက်ပါနဲ့"

လို့ဆိုတယ်။ စိုးအောင်ဟာ မြင်းစီးပုလိပ်နဲ့ မစန်းချစ်ရဲ့ ပြဿနာကိုကြည့်ပြီး သူကိုယ်တိုင် ရှင်းမှဖြစ်တော့မယ်လို့ ဆုံးဖြတ်ပြီး အိတ်ထဲက ရွှေတွေကို ယူကာ

"ရွှေတွေကို ကျုပ်တို့ အညီအမျှခွဲဝေယူကြမယ်၊ ခင်ဗျား ကျုပ်တို့ကို သွားခွင့်ပြုပါ"

လို့တောင်းပန်လိုက်တယ်။ မြင်းစီးပုလိပ်က စိုးအောင်ကို ရွံရှာဟန်နဲ့ကြည့်ပြီး

"ဒီအရပ်ကနေ ဝေးရာထွက်ပြေး ချင်တယ်၊ အနောင်အဖွဲ့တွေက လွတ်ရာကိုခေါ်သွားပေးပါ၊ ကျွန်မဘဝက လှောင်အိမ်ထဲက ငှက်တစ်ကောင်လိုပဲ ဆိုတာတွေက ယောကျ်ားတိုင်းကို သူ ပြောနေယုံတမ်းစကားတွေကွ... နောက်ပြီးတော့ ဒီလေးဟာ သူ့ကိုမတရားကျင့်ပြီး ရယူခဲ့တယ်ဆိုတာ မဟုတ်ဘူးကွ၊ ဒီကောင်မဟာ သူ့အမေ မသေမီကတည်းက သူ့သဘောနဲ့သူ ပထွေးနဲ့ ဖောက်ပြန်နေတာ..သူ့အမေသေတာ သူ့စိတ်ကြောင့်ပဲကွ.."

လို့ဆိုလိုက်တော့ မစန်းချစ်ဟာ ဒေါသတကြီး အော်ဟစ်ပြီး လှည်းထဲက သေနတ်နဲ့ မြင်းစီးပုလိပ်ကို ပစ်ချလိုက်တယ်။

ပုလိပ်ဟာ မြေပေါ်လဲကျပြီး အသက်ငင်နေတုန်း သေနတ်နဲ့နစ်ချက်ဆင့် ထပ်ပစ်လိုက်တယ်။

စိုးအောင်ဟာ မစန်းချစ်ရဲ့ရက်စက်ကြမ်းကြုတ်ပုံတွေကို တုန်လှုပ်ချောက်ချားသွားတယ်။

ရှေ့ဆက်ပြီး သူမနဲ့ပေါင်းချင်စိတ်လဲမရှိတော့ဘူး။ မစန်းချစ်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့လှည့်ဖျားမှုအမျိုးမျိုးကိုသူခံလိုက်ရတယ်။ ဒါကြောင့်မစန်းချစ်ကို နာကြည်းဟန်နဲ့

"လူတွေကို ဘာကြောင့်လိမ်ညာ လှည့်ဖျားနေတာလဲ၊ ခင်ဗျားမှာရိုးသားမှုတစ်ခုမှ မရှိဘူး"

လို့ဆိုလိုက်တော့ မစန်းချစ်က

"ရှင်ထင်ချင်သလို ထင်နိုင်တယ်၊ ယောက်ျားတွေဟာ လှည့်ဖျားနိုင်မှ တော်ရုံကျ တယ်၊ ကျွန်မတစ်သက်လုံး သူတို့ရဲ့ အလိမ် အညာကိုခံနေရတာ၊ ကဲ... ရှင်လဲ ကျွန်မ အကြောင်းကို သိသွားပြီဆိုတော့"

ဆိုပြီး စိုးအောင်ကို သေနတ်နဲ့ချိန်လိုက်တယ်။ ဒီအချိန် မှာပဲလျှပ်စီးတွေ တဝင်းဝင်းလက်ပြီး မိုးတွေသဲကြီးမဲကြီး ရွာချ လိုက်တယ်၊ စိုးအောင်က မိုးတွေလေတွေထဲကနေ





"မင်းထပ်ပြီးမမိုက်ချင်ပါနဲ့တော့၊ ငါတို့ နှစ်ယောက် ဝေစုခွဲပြီး ကိုယ့်လမ်း ကိုယ်သွားကြ မယ်"

လို့ဆိုလိုက်တယ်။

မစန်းချစ်ကခေါင်းခါယမ်းလိုက်ပြီး

"ကျွန်မဒီလောက်သဘောမကောင်း ဘူး၊ ရှင်သေဖို့သာပြင်တော့...."

ဆိုပြီး စိုးအောင်ရဲ့ရင်ဝကို သေနတ်နဲ့ချိန်လိုက်တယ်။

ဒီအချိန်မှာဘဲ စိုးအောင်ရဲ့တစ်ကိုယ်လုံး ကြက်သီးတွေ တဖြန်းဖြန်းထပြီး ခေါင်းပေါ်က ဆံပင်တွေ ထောင်တက်သွားလို့ စိုးအောင်ဟာ ကောင်းကင်ကိုမော့ကြည့်ပြီး အလွန်ထိတ်လန့် တုန်လှုပ်သွားတယ်၊ မိုးကြိုးအပစ်ခံရမဲ့သူဟာ ခေါင်းကဆံပင်တွေ ထောင်တက်ပြီး ကြက်သီး တဖြန်းဖြန်းထသွားလေ့ရှိတယ်။ စိုးအောင်ဟာ မျက်လုံးမှိတ်ပြီးချောက်ကြီးထဲကို ခုန်ချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင် ချောက်ထဲကို ကျသွားတာနဲ့ နားကွဲလု မတတ် ကျယ်လောင်တဲ့ မိုးကြိုးပစ်သံကြီးကြားရပြီး မစန်းချစ်ကို မိုးကြိုးထိမှန်သွားတယ်။

စိုးအောင်ကတော့ ကံကောင်းထောက်မပြီး ချောက်ကမ်းပါးပေါ်က သစ်ကိုင်းပေါ်ကိုသွားတင်တယ်။

စိုးအောင်ဟာ မိုးတိတ်တော့မှ တောင်ပေါ်ကိုခက်ခက်ခဲခဲ ပြန်တက်ခဲ့ရတယ်။တောင် ပေါ်ကိုရောက်တော့ မိုးကြိုးထိမှန်ပြီး သေဆုံးနေတဲ့မစန်းချစ်ကိုတွေ့ရပြီး အနီးမှာရွှေတွေထည့်ထားတဲ့ သားရေအိတ်ကို တွေ့ရတယ်.....။

နောက်ဆုံးတော့ စိုးအောင်တစ်ယောက်တည်း ကံထူးရှင်ဖြစ်ပြီး ကျန် ခဲ့တာပါပဲ.....။



ဇာတိရပ်မြေကိုစိုးအောင် ပြန်ရောက်တော့ မိခင် ဆုံးပါးသွားပြီး အစ်မအပျိုကြီး နစ်ယောက်လဲ အိမ်ထောင်ကျနေပြီ.. ..။

ပြောင်းလဲမှုတွေက မြန်လိုက်တာလို့ တွေးမိတယ်။ စိုးအောင်ဟာ သက်စွန့်ကြိုးပမ်း ရှာဖွေလာတဲ့ ရွှေတွေကို ကြည့်ပြီး သုံးစွဲချင်စိတ်မရှိတော့ဘူး....ဒါကြောင့် ကုသိုလ်ကောင်းမှုအမျိုးမျိုး ပြုလုပ်ခဲ့တယ်..။

သူဟာ ခြေဦးတည်ရာအရပ်ကိုလျှောက်သွားရင်းလူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကို နက်နက်နဲနဲ ဆင်ခြင်ကြည့်ပြီး နောက်ဆုံးတော့ ဘဝဆိုတာ ဆင်းရဲခြင်းအတိပြီးတယ်ဆိုတာ ရိပ်စားမိသွားတယ်။

လူဟာ အသက်ရှင်နေသရွေ့ အို၊ နာ၊ သေခြင်းဆိုတဲ့ ကိုယ်ဆင်းရဲခြင်းတွေနဲ့ ကြုံတွေ့ရမယ်။ ဝမ်းနည်းကြေကွဲခြင်း၊ စိတ်ထိခိုက်နာကျင်ခြင်းတွေလို စိတ်ဆင်းရဲခြင်းတွေနဲ့လဲ ကြုံတွေ့ရမယ်။

လိုချင်တပ်မက်ခြင်းတဏှာကြောင့် ကိုယ်စိတ်ဆင်းရဲခြင်းတွေ ကြုံတွေ့ရမယ်ဆိုတာ ရိပ်စားမိပြီး လွတ်မြောက်ရာလမ်းကို ရှာဖွေဖို့ ဆုံးဖြတ်လိုက်တယ်။

နောက်ဆုံးတော့ သံလျင်ဘက်က ကမ္မဋ္ဌာန်းကျောင်းလေးတစ်ကျောင်းမှာပဲ သူ့ဘဝကို အဆုံးသတ်လိုက်တယ်။

အရာအားလုံး ပြီးဆုံးသွားချေပြီ....။

*အားလုံးအတွက်*

**ရွှေချမ်းသာ**



www.burmeseclassic.com